## ၁။ အဘယ်ကြောင့် အသင်းတော်တည်ထောင်ရသနည်း။

### (က) ထိုအသင်းကို မရဏာတံခါးတို့သည် မနိုင်ရာ (မဿဲ ၁၆း၁၈)

မဿဲ ၁၆း၁၈ သည် ဓမ္မသစ်ကျမ်း အသင်းတော်ဟူသည် စကားလုံးကို ပထမဆုံး တွေ့ရခြင်းဖြစ်သည်။ ယေရှုကိုယ်တော်တိုင် အသင်းတော်ဟူသည့် စကားလုံးကို အသုံးပြုခဲ့ပြီး၊ ဂရိဘာသာစကား " အက်ကလီဆီးယား " မှ ဆင်းသက်ခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ (ခေါ်ထုတ်ခြင်း) သို့မဟုတ် (လူစု/အစုအဝေး) ဖြစ်သည်။ အခြားအဓိပ္ပါယ်မှာ- ယေရှုခရစ်၏ သတင်းကောင်းအဖြင့် လောကထဲမှ ရွေးနုတ်ခေါ်ထုတ်သော လူအစုအဝေးကို ဆိုလိုခြင်းဖြစ်သည်။

သေခြင်း၏တန်ခိုးသည်လည်း ယေရှုခရစ်အား အောင်နိုင်ခြင်းမရှိပေ။ အပါယ်ငရဲ၏ ကိုယ်စားသော အသင်းတော် (ခန္ဓာ/ခရစ်တော်၏အသင်းတော်) တည်ထောင်ခြင်းမဟုတ်ဘဲ ထိုအသင်းတော်သည် အပါယ်ငရဲသေခြင်းတန်ခိုးတို့ကို တိုက်လှန်အောင်မြင်ရမည် ဖြစ်သည်။ မျိုးဆက်အသီးသီးသည် ခန္ဓာသေခြင်းတန်ခိုးသို့ ကျဆုံးသော်လည်း အသင်းတော်သည် ကျရှုံးမည် မဟုတ်ပေ။ အခြားမျိုးဆက်တို့သည် အသင်းတော်အား ဆက်လက်တည်တံ့နေစေမည် ဖြစ်သည်။ ယေရှုခရစ်၏ မဟာစေခိုင်းချက် ပြည့်စုံလာသည့်တိုင်အောင် ဆက်လက်လုပ်ဆောင်နေမည် ဖြစ်သည်။ (မဿဲ ၂၈း၁၈-၂၀)

ထိုအရာသည် အသင်းတော်တည်ထောင်ရာတွင် ကျွန်ုပ်တို့အား ယုံကြည်စိတ်ချမှုကို တည်ဆောက်ပေးသောအရာ ဖြစ်သည်။ အတိုက်အခိုက်များ အခက်ခဲများ ကြုံတွေ့ရမည် ဖြစ်သော်လည်း နောက်ဆုံး ဘုရားသခင်၏ ရည်ရွယ်ချက်အတိုင်း အောင်မြင်ရမည် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ထံမှ အကူအညီရဖို့ရန် ဘုရားသခင်၏ လမ်းပြခြင်း ဦးဆောင်ခြင်းကို လိုက်နာခြင်းအားဖြင့် လုပ်ဆောင်နိုင်မည် ဖြစ်သည်။

**(ခ) သတင်းကောင်း ကျယ်ပြန့်ခြင်းနှင့် မဟာစေခိုင်းချက်ပြည့်စုံခြင်းကို တိုင်းတာသိရှိရန် အကောင်းဆုံးနည်းလမ်း**

ယခုလက်ရှိ ကမ္ဘာ့လူဦးရေတိုးပွားခြင်းအား လေ့လာသုံးသပ်လျှင် လူဦးရေတိုးနှုန်းနှင့် ခရစ်ယာန်ပြန့်ပွားနှုန်းဟမသွားရန် ၅သန်းမျှသောအသင်းတော်သစ်များကို ၅နှစ်မှ ၁၀နှစ်အတွင်း တည်ထောင်ရန် လိုအပ်သည်။ ယခုလက်ရှိ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၇၀၀၀ ခန့်ဖြစ်ပြီး ခရစ်နှစ်၂၀၅၀တွင် သန်းပေါင်း ၁၁၀၀၀ ခန့် တိုးပွားလာမည်ဖြစ်သည်။ လူဦးရေ တိုးပွားလာသည့် နည်းတူ အသင်းတော်အသီးသီးတို့သည်လည်း တိုးပွားရန် အလွန်ပင်လိုအပ်သည်။

**(ဂ) မဟာစေခိုင်းချက်၏ အခြေခံမူလ ပန်းတိုင်သည် အသင်းတော်ဖြစ်ပြီး ထိုမှတစ်ဆင့် လူတိုင်းတို့အား သတင်းကောင်းကြားသိစေရမည်။ (ရော ၁၅း၄)**

ကျွန်ုပ်တို့သည် တပါးအမျိုးသားများအကြား အသင်းတော်တည်ဆောက်ရန် အခွင့်ထူးခံများ ဖြစ်ကြောင်း (ရောမ ၁၅း၉)တွင် တွေ့ရသည်။ ထို (တပါးအမျိုး) Gentile ဆိုသော စကားမှာ (ဂရိဘာသာမှဆင်းသက်လာခြင်းဖြစ်ပြီး အဓိပ္ပါယ်မှာ လူမျိုးအားလုံး (သို့မဟုတ်) လူသားအားလုံးဟု ဆိုလိုသည်။ သီတင်းကောင်းမကြားရသေးသော လူမျိုးစုများရှိနေသရွေ့ ကျွန်ုပ်တို့တာဝန်မပြီးသေးချေ။ ပရောဖက်ဟောပြောချက်တွင် ဘုရားသခင်၏ ပလ္လင်တော်ပတ်လည်တွင် လူမျိုးစုံမှ ယုံကြည်သူများ ခြံရံလျက်ရှိမည်ဟူ၍ ပါရှိပါသည်။

**(ဃ) အသင်းတော်သည် မမြင်နိုင်သည့် ဘုရားသခင်နိုင်ငံ အုပ်စိုးခြင်းကို ပုံဖော် ထားသော အရာဖြစ်သည် (ဆာလံ ၄၆း၃)**

အသင်းတော်သည် ခရစ်တော်၏ အုပ်စိုးခြင်း အာဏာစက်နှင့်နိုင်ငံတော်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ပြဿနာများနှင့်အခက်အခဲများကို လျစ်လျူရှုသောအသင်းတော်သည် ဘုရား

သခင်၏ ရည်ရွယ်ချက်ကို မဖော်ဆောင်ရန်ဖြစ်သည်။ ထိုရည်ရွယ်ချက်ကြောင့်ပင်လျှင် ဘုရားသခင်သည် အားမရဖြစ်ပြီး ခရစ်တော်၏ သတို့သမီးဖြစ်ကြောင်း အမြဲသတိရှိလျှက် အကောင်းဆုံး လုပ်ဆောင်ရမည် ဖြစ်သည်။

**(င) အသင်းတော်သည် လူမျိုးအသီးသီးမှ အရွေးနုတ်ခံ လူများ၊ ခရစ်တော်အားကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံသူများအားလုံး ဖြစ်သည်။ ထို့ကြောင့်ပင်ကမ္ဘာပေါ်ရှိ လူအုပ်စု အသီးသီးမှ အသင်းတော်တည်ရန် လိုသည်။ (ရောမ ၁း၅)**

ရောမ ၁း၅ တွင် တမန်တော်ရှင်ပေါလုမှ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းအလယ် ဘုရားသခင်၏နိုင်ငံတော် တည်ထောင်နိုင်ဖို့အလို့ငှါ ဘုရားသခင်၏ ကျေးဇူးဂရုဏာ၊ ရည်ရွယ်ချက်၊ ဦးတည်ချက်နှင့် ခေါင်းဆောင်တာဝန်ဝတ္တရားများ အပ်နှင်းခံထားရပြီးဖြစ်ကြောင်း ညွှန်ပြထားသည်။

**(စ) ခရစ်တော်သည် အသင်းတော်တည်းဟူသော သူ၏သတို့သမီးထံ ပြန်လာနေပြီ (ဗျာ ၁၉း ၇-၉, ၂ကော ၁၁း၂)**

ခရစ်တော်သည် သူ၏သတို့သမီး၌ ရည်ရွယ်ချက် ပြည့်စုံဖို့ရာ စောင့်လျှက်နေပြီး အပြစ်ကင်း ဖြူစင်သော သတို့သမီးအား လူမျိုးတကာမှ ရှာဖွေလျှက်ရှိသည်။ ၂ကော ၁၁း၂တွင် အသုံးပြုထားသော စကားလုံးအရ ခရစ်တော်သည် သူ၏သတို့သမီးကို စိတ်အားထက်သန်စွာ ရှာဖွေနေခြင်းကို ဆိုလိုသည်။ အသင်းတော် အဆင်သင့် ဖြစ်ဖို့ရန် မျှော်လင့်ကြီးစွာ စောင့်စားနေခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေရိတ်သိမ်းခြင်း မပြီးမြောက်သေးသရွေ့ ခရစ်တော်ပြန်လာမည် မဟုတ်သေးပေ။ ခရစ်တော်လာမည့်အချိန်ကိုလည်း မည်သူမှ မသိနိုင်ပါ။ သို့သော် ကျွန်ုပ်တို့သည် ခရစ်တော်၏

အလုပ်သမား၊ ရိတ်သိမ်းသူများ ဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့၏ တာဝန်ကို ခရစ်တော်လာမည့် အချိန်တိုင် အောင် ဆက်လက် ကြိုးစားလုပ်ဆောင်နေရမည် ဖြစ်သည်။

## ၂။ အသင်းတော်တည်ထောင်ခြင်း၏ အချိန်အခါများနှင့်ဖြစ်စဉ်များ


### (က) အသင်းတော်တည်ဆောက်ခြင်းသည် စီမံကိန်းတစ်ရပ်ဖြစ်သည်။

အသင်းတော်တည်ဆောက်ခြင်း၌ ဘုရားသခင်၏ဦးဆောင်မှုကိုတုံ့ပြန်ရန်နှင့်နာခံရန် သင် ရွေးချယ်သောအခါ အသေးစိတ်ပါဝင်သောအရာများကို နားလည်ရန် အရေးကြီးသည်။ သင်၏ဖြစ်စဉ်များသည် သင်၏ယဉ်ကျေးမှုနှင့် ကွဲပြားမှုရှိသော်ငြားလည်း အသင်းတော် တည်ဆောက်ခြင်းသည် သင်၏ရူပါရုံနှင့်လူဦးရေရရှိခြင်းသည် သင်၏ပန်းတိုင်ဖြစ်သည်။ အသင်းတော် တည်ဆောက်ရာတွင် အရေးပါသော ဗဟိုအချက်အချာကျသောအရာများ စဉ်ဆက်မပြတ်ရှိနေရန် အရေးကြီးသည်။

အသင်းတော်တည်ဆောက်ခြင်းဖြစ်စဉ်များ လျင်မြန်စွာပြည့်စုံဖို့ ကြိုးပမ်းရာတွင် ဤဗဟိုအချက်အချာကျသောအရာများကို ကျော်မသွားမိရန် သေသေချာချာ သိထားဖို့ အရေးကြီး ပါသည်။ ဤအရာများကို လျင်မြန်စွာလုပ်ဆောင်ခဲ့လျှင် အသင်းတော်၏ ခရီးတစ်လျှောက်လုံးတွင် မတည်မငြိမ်ဖြစ်လာခြင်း၊ ရှန်းကန်ဖြေရှင်းရမည့်အလားအလာဖြစ်နိုင်သည်။ လေဒဏ်၊ မိုးဒဏ်၊ မုန်တိုင်းဒဏ်နှင့်ငလျင်ဒဏ်ကို ခံနိုင်သော(သို့) ခိုင်မာတောင့်တင်းသော အဆောက်အအုံတွင် ပါဝင်သောပစ္စည်းများလိုအပ်မှုနှင့် ဖြစ်စဉ်ကို ဆင်ခြင်ကြည့်ပါ။ အခြေခံအုပ်မြစ်ကို ကောင်းမွန်စွာ တည်ထားခြင်းမရှိလျှင် နောက်ဆုံးတွင် အဆောက်အအုံပင် ပြိုကျသွားနိုင်သည်။ အသင်းတော် တည်ထောင်ခြင်းဖြစ်စဉ်ကို ချိုင့်လိုက်သောအခါ မည်မျှအရေးကြီးကြောင်း ဤဥပမာက ရှင်းရှင်း လင်းလင်း တင်ပြထားပါသည်။

ကျွန်ုပ်တို့ ထပ်၍ရှေ့သို့ ရှင်းလင်းစွာမြင်နိုင်ရန် ကျွန်ုပ်တို့အား ပေးထားသော ဓမ္မသစ်ကျမ်း၏ နည်းဗျူဟာများကို အခြေခံအားဖြင့် ဤသင်ခန်းစာကို လေ့လာဆွေးနွေးသွားမည် ဖြစ်သည်။

**(ခ) အသင်းတော်တည်ဆောက်ခြင်းဖြစ်စဉ်၏အမြင်များ**




Group activity - အဖွဲ့လိုက်လုပ်ဆောင်မှု

အသင်းတော်တည်ဆောက်သူများကို သင်နှင့်ကြားဝင်မှုရှိစေပါ။ ပေးထားသောပုံ၏ ဖွဲ့စည်းမှုပုံစံကို သူတို့အားကိုယ်တိုင် သုံးသပ်ဝေဖန်စေပါ။ သို့မှသာအသင်းတော်တည်ဆောက်ရာတွင် အကူအ ညီပေးနိုင်သောအကြံဉာဏ် ရရှိနိုင်မည်ဖြစ်သည်။ ဤအရာသည် သင်အား အသင်းတော်

တည်ဆောက်ခြင်းဖြစ်စဉ်ကိုနားလည်ပြီး လက်တွေ့ကျကျ သမ္မာကျမ်းစာအရ အသင်းတော် တည်ဆောက်သူများ၏ လုပ်ဆောင်မှုနေရာကို တန်ဖိုးထား လေးစားတတ်လာမည်ဖြစ်သည်။

ဝေဖန်သုံးသပ်ခြင်းအမြင်များ လေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့၏သင်ခန်းစာ ဆက်သွားကြမည် ဖြစ်သည်။


- အဘယ်ကြောင့်ကျွန်ုပ်တို့အသင်းတော်များတည်ဆောက်ရန် လိုအပ်သနည်း။
- အသင်းတော်တည်ဆောက်ခြင်းအတွက် လှုံ့ဆော်စည်းရုံးခြင်း
- တန်ဖိုး၊ ရူပါရုံနှင့် သင်၏အနာဂတ်အသင်းတော်ပုံစံ
- အစီအစဉ်ရေးဆွဲခြင်းနှင့် အသင်းတော်တည်ဆောက်ခြင်းအတွက်နည်းဗျူဟာ
- အသင်းတော်တည်ဆောက်ခြင်းဖြစ်စဉ်အတွက် သင်၏အဖွဲ့ဖွံ့ဖြိုးတိုးတက်စေပါ။
- ဧဝံဂေလိတရားအားဖြင့် ရန်သူကိုအောင်မြင်ခြင်း
- လူတွေကိုတပည့်တော်ဖြစ်စေပြီး သူတို့၏လွှမ်းမိုးမှုကို လောကသားရရှိစေရန် ဖြစ်သည်။

**(ဂ) အသင်းတော်တည်ဆောက်ရာတွင် အချိန်အခါကို နားလည်သဘောပေါက်ခြင်း**

နောက်ထပ် အသင်းတော်တည်ဆောက်ခြင်းကို လက်တွေ့လုပ်ဆောင်ရန် သင်သည် ဝိညာဉ်ရေးရာနှင့် စိတ်ခံစားချက်အချိန်အခါကို သင်တွေ့ကြုံရင်ဆိုင်ရသည့်အလား ဆင်ခြင်ရမည် ဖြစ်သည်။ အသင်းတော်တည်ဆောက်ခြင်းဖြစ်စဉ်ကို အခြားသောရှုထောင့်များဖြင့် အစားမထိုးနိုင်ပါ။

အသင်းတော်တည်ဆောက်ခြင်း အချိန်အခါသည် သင့်အားအမြင့်ဆုံးတောင်ထိပ်မှ အနိမ့်ဆုံးသောချိုင့်ဝှမ်း၊ အခက်အခဲဆုံးသောအတွေ့အကြုံကို တွေ့ကြုံစေမည်ဖြစ်သည်။

အသင်းတော်တည်ဆောက်သူများသည် ရူပါရုံမှအစီအစဉ်ဆွဲခြင်းနည်းဗျူဟာသို့၄င်း၊ ပန်းတိုင်သို့၄င်း ရောက်အောင်သွားခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်နေပါစေ တစ်ချိန်ချိန်၌ လမ်းခရီးတွင် အတားအဆီးများနှင့် ရင်ဆိုင်တွေ့ကြုံရမည်ဖြစ်သည်။ ပြဿနာက အတားအဆီး မဟုတ်ပါ။ အတားအဆီးများကို မည်ကဲ့သို့ဖြေရှင်းခြင်းသာလျှင် ပြဿနာဖြစ်သည်။ အတား အဆီးများနှင့် တွေ့ကြုံရသောအခါထိန်းသိမ်း စောင့်ရှောက်ရန် သင်ရွေးချယ်နိုင်သည် (သို့မဟုတ်) ခက်ခဲသောအခြေအနေများနှင့် ရင်ဆိုင်ရသောအခါ ထိုပြဿနာကို ထိုးဖောက်ကျော်ဖြတ်ရန် ရွေးချယ်နိုင်သည်။ ဘုရားရှင်၏ကျေးဇူးတော်ကြောင့် သင်သည် ခက်ခဲခြင်းထဲကနေ အောင်မြင်ခြင်းသို့ ရောက်လိမ့်မည်။ သင့်ရဲ့ပြဿနာအချိန်အခါကို သင်ကိုယ်တိုင်ရှာဖွေလျှင် သင့်၏ရန်သူကတော့ သင့်ကို အထီးကျန်စေခြင်း၊ မောပန်းခြင်းထဲသို့ရောက်အောင် အကောင်းဆုံးကို လုပ်ဆောင်နေမှာဖြစ်သည်။ သင့်ရဲ့အချိန်အခါကို ကောင်းကောင်းပုံဖော်သိရှိသည်နှင့်ချက်ချင်း သင်သည် အနားငြိမ်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းထဲသို့ သင့်ကိုယ်သင် အမြန်ဆုံးဆက်ကပ်အပ်နှံဖို့ လုပ်ဆောင်မှာဖြစ်သည်။



### (ဃ) အချိန်အခါများကို သိရှိနားလည်ခြင်း

များစွာသောအသင်းတော်တည်ဆောက်သူများသည် စိတ်အားထက်သန်မှုနှင့် ခရီးအစပြုကြသည်။ ကမ္ဘာတစ်ခုလုံးကို သူတို့သိမ်းပိုက်နိုင်သည်ဟု ထင်နေကြသည်။ သူတို့သည် ကျွန်ုပ်တို့ကဲ့သို့ လမ်းခရီးတွင် စိတ်အားထက်သန်မှုကို တွေ့ကြုံခံစားရမှာဖြစ်သည်။ ခြောက်လကနေ ၁နှစ်အတွင်း အသင်းတော်တည်ဆောက်သူ တွေ့ကြုံသော အတားအဆီးများသည် ပြဿနာသို့ ဦးတည်သွားနိုင်သော အလားအလာရှိသည်။

အသင်းတော်တည်ဆောက်ခြင်းဖြစ်စဉ် တိုးတက်ဖို့ရန်အလို့ငှါ သင်၏လုပ်ဆောင်မှု လုပ်ငန်းအတွေ့အကြုံကို သိရှိခြင်းသည် အရေးကြီးလှပါသည်။ အသင်းတော်တည်ဆောက်ခြင်း အချိန်အခါသည် လျင်မြန်စွာ(သို့)နှေးကွေးစွာ ဖြစ်ပျက်နိုင်သည်။ အသင်းတော်တည်ဆောက်ခြင်း အတွင်းတွင် တည်ဆောက်သူသည် ဆပွားဇယားအတိုင်းသွားနိုင်သည်။ ဤအရာကို နားလည်သဘောပေါက်ခြင်းက သင့်ကိုအလွန်စိတ်ဓါတ်ကျခြင်းမှ ကူညီပါလိမ့်မည်။ ရန်သူသည် သင့်အခက်အခဲဒုက္ခများကို အသုံးပြုကာ သင့်ကိုအထီးကျန်စွာ အရာခပ်သိမ်းနှင့် ဝေးကွာစေမည် ဖြစ်သည်။ ထိုသို့ကြုံလာပါက ဘုရားသခင်ထံ အမြန်ဆက်ကပ်အပ်နှံ၍ အနာငြိမ်းခြင်းဖြင့် ပြန်လည်ရင်စေ့ခြင်းကို ရယူနိုင်မည်ဖြစ်သည်။ သင့်ကိုယ်သင် ဒေသနာကျမ်း ၃း၁-၈ ကို ခွန်အားယူပြီး အရာခပ်သိမ်းတို့တွက် အချိန်ရှိကြောင်းသတိရပါ။ နက္ခတ်ဗေဒအရ အချိန်အခါ ပြောင်းလဲဖြစ်ပျက်လာသကဲ့သို့ သင်၏အချိန်အခါသည်လည်း နောက်ဆုံးတွင် နောက်ထပ်တစ်ဆင့်တွင် သင်ရောက်နေပါလိမ့်မည်။

## ၃။ အသင်းတော်၏ အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်

**(က) အသင်းတော်သည် ယုံကြည်သူများ၏ ဝတ်ပြုဆုတောင်းခြင်း၊ သင်ကြားခြင်း နှင့် သာသနာအတွက် ရည်ရွယ်ချက်များနှင့် အတူတကွစုရုံးရာနေရာ ဖြစ်သည်။ (အက်က လီရှား မှ ဆင်းသက်လာပြီး ဘုရားသခင်ရွေးနုတ် ခေါ်ထုတ်ထားသောလူစု ဟု အဓိပ္ပါယ် ရသည်) မသဲ ၂၁း၁၃, ဆာလံ ၁၅၇း၁-၆**

အသင်းတော်များတွင် အစီအစဉ်များ လှုပ်ရှားမှု့များစွာရှိသော်လည်း မူလရည်ရွယ် ချက်မှာမူ ယုံကြည်သူများ စုရုံး ဆုတောင်းရာ၊ ဝတ်ပြုရာနှင့် ဘုရားသခင်နှင့်သာ ရင်းနှီးသော မိတ်သဟာ ရရှိရန်ဖြစ်သည်။ ဆာလံ ၁၅၇း၁-၆အရ ကျွန်ုပ်တို့၏ အမူအကျင့်နှင့် လှုပ်ရှားမှုကို ရည်ရွယ် ဖော်ညွှန်းခြင်းဖြစ်ပြီး ဘုရားသခင်အား ချီးမွမ်းခြင်း ဘုန်းပေးခြင်း ချီးမြောက်ခြင်းတို့သည် အလွန်တရာမှ အရေးကြီးပေသည်။ ယုံကြည်သူအနေဖြင့်လည်း စိတ်ပျက်အားလျော့လာနိုင်သကဲ့သို့ ကျွန်ုပ်တို့၏ ရပ်တည်မှုနှင့် ဘုရားသခင်အား ချီးမွမ်းခြင်း စိတ်နေသဘောသည်လည်း လောက၌ ခက်ခဲရုန်းကန်ရမှုများအား ယုတ်လျော့စေသကဲ့သို့ ဘုရားသခင်သာ ကျွန်ုပ်တို့ကို ပြန်လည်စုရုံး စေသည်။

**(ခ) အသင်းတော်သည် ခရစ်တော်၏ကိုယ်ဖြစ်သကဲ့သို့ ခရစ်တော်သည်အသင်းတော်၏ ဦးခေါင်း ဖြစ်သည်။ (ဧဖက် ၁း၂၂-၂၃)**

အသင်းတော်၏ ရည်ရွယ်ချက်သည် အရာခပ်သိမ်း၏ ဦးခေါင်းဖြစ်တော်မူသော ခရစ်တော်၌သာ တည်မှီရမည် ဖြစ်သည်။ ခရစ်တော်သည်လည်း အသင်းတော် တည်ရန်ကြီးမြတ် လှသည့် လုပ်ငန်းအဖို့အလို့ငှါ ကျွန်ုပ်တို့ကို ရွေးနုတ်ခွဲခန့်ထားခြင်း ဖြစ်ပြီး ခရစ်တော်သည်သာ ပြီးမြောက် အောင်မြင်စေသူဖြစ်သည်။ ထို့အပြင် ခမည်းတော်ထံသို့ လူအများတို့ကို ဆွဲခေါ်ပို့ဆောင်ပြီး

အစဉ်ဦးဆောင်လမ်းပြပြီး ထောက်ပံ့သောအရှင်ဖြစ်သည်။ အမှုတော်အတွက် ကြိုးစားအားထုတ်ရန် ခေါ်တော်မူသော ခရစ်တော်သာ ကြီးမြတ်သူချီးမွမ်းထိုက်သူဖြစ် မိမိကိုယ်ကို ဝါးကြွားခြင်း မပြုမိစေရန်လည်း သတိပြုသင့်သည်။

ခရစ်တော်သည်သာ ဦးခေါင်းဖြစ်ကြောင်း အစဉ်နှလုံးသွင်း၍ ထိုအသိသည် ခရစ်တော်၏လုပ်ငန်း၌ ကျွန်ုပ်တို့သည် ဘဏ္ဍာထိန်းများဖြစ်သည်ဟူသော စိတ်ချသေချာသည့် ယုံကြည်ချက်ကို ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။ ခရစ်တော်အဖို့ တစုံတခုကို ထိမ်းသိမ်းရသော (ဘဏ္ဍာထိန်း)အလုပ်သည် အလွန်မြင့်မြတ်ကြီးကျယ်လှသော တာဝန်တစ်ရပ်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည်လည်း အသင်းတော်၏ ဦးခေါင်းအဖို့ အထောက်အပံ့ အကူအညီပေးနိုင်သောသူများ ဖြစ်ရန် လိုအပ်ပေသည်။

**(ဂ) ခရစ်တော် ပြန်လည်ကြွလာသည့်တိုင်အောင် ယုံကြည်သူများ ခရစ်တော်၏ ကိုယ်အဖြစ် ပင်တေကုတ်တေနေ့မှစ ပေါ်ပေါက်ခဲ့ပြီး ဖြစ်သည်။ ခရစ်တော်၏ ကိုယ်သည် လက္ခဏာ နှစ်ရပ်အားဖြင့် ဖွဲ့စည်းထားသည်။**

**(၁) မမြင်နိုင်သော အသင်းတော်**

ခရစ်တော်နှင့် ရင်းနှီးကျွမ်းဝင်သူတိုင်း ပါဝင်သည်။ (၁ကော ၁၂း၁၃)။ လောကတွင် အဆင့်အတန်း၊ လူမျိုးရေး ခွဲခြားမှုများ ရှိနိုင်သော်လည်း ခရစ်တော်၌မရှိပေ။ ခရစ်တော်နှင့် ရင်းနှီး ကျွမ်းဝင်သူတိုင်းသည် ခရစ်တော်၏ ကိုယ်ဖြစ်ပြီး၊ ဆင်းရဲချမ်းသာ၊ လူငယ်လူကြီး၊ ပညာမဲ့ ပညာတတ် ထိုအရာများသည် အရေးမပါပေ။ ဘုရားသခင်သည် ထိုအရာများကြည့်ခြင်း မဟုတ်ပါ။ သို့သော် သူ၏ အလိုတော်မှာ သူ့ထံချဉ်းကပ် အရှုံးပေးအပ်နှံခြင်းသာ ဖြစ်သည်။

### (၂) မြင်နိုင်သော အသင်းတော်

ဂလာတိ ၁း၁-၂ တွင်တွေ့နိုင်သည်။ ဂလာတိရှိအသင်းတော်များဟု ဖော်ပြထားသည်။ ကျွန်ုပ်တို့ခေါ်ဆိုသော ဒေသဆိုင်ရာအသင်းတော်များဟု နားလည်နိုင်သည်။ အသင်းတော်တည်ထောင်မည့် လူတစ်ယောက်အနေဖြင့် ဘုရားသခင်၏ကိုယ်စားပြုဖို့ရန် ရွေးချယ်ခန့်ထားရခြင်းဖြစ်ကြောင်း မြင်တွေ့နိုင်သော အသင်းတော်လုပ်ဆောင်ခြင်းအားဖြင့် သိမှတ်ရမည်။ သင်လုပ်ဆောင်သော အသင်းတော်သည်လည်း ခရစ်တော်၏ကိုယ်ဖြစ်သည်။ မမြင်ရသော အသင်းတော်ကို စုံလင်စေမည့်အစိတ်အပိုင်းဖြစ်သည်။ ဒေသဆိုင်ရာအသင်းတော်အသီးသီး၌ရှိသော ယုံကြည်သူတိုင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာအစိတ်အပိုင်းဖြစ်ပြီး အသင်းတော်တိုင်းနှင့် အသင်းတော်အတွင်းရှိ လူတိုင်းသည် အရေးကြီးပေသည်။

## (ဃ) အသင်းတော်သည် -

- အဆောက်အဦးတစ်ခု မဟုတ်
- ဂိုဏ်းဂဏတစ်ခု မဟုတ်
- မြေကွက်တစ်ခု မဟုတ်
- စီးပွားရေးတစ်ခု မဟုတ်
- ဖျော်ဖြေရေး နေရာတစ်ခု မဟုတ်
- လူမှုရေးအသင်းအဖွဲ့တစ်ခု မဟုတ်

အဆောက်အဦး၊ မြေ၊ အရင်းအမြစ်နှင့် လူမှုဆက်နွယ်ရေးတို့တွင် တန်ဖိုးများ ရှိသော်လည်း အသင်းတော်အား ထိုအရာများနှင့် မတိုင်းတာသင့်ပေ။ ဝတ်ပြုခြင်း၊ ဆုတောင်းခြင်း၊ နှုတ်ကပတ်တော် လေ့လာခြင်းနှင့် သာသနာပြုခြင်းများဖြင့်သာ တိုင်းတာရမည် ဖြစ်သည်။

အမြော်အမြင်ရှိသော ခေါင်းဆောင်ကောင်းတစ်ယောက်အနေဖြင့် အသင်းတော်၏ ရည်ရွယ်ချက်မှာ ကွဲလွဲသော တန်ဖိုးဖြတ်တိုင်းတာမှုများမှာ ဖယ်ခွာ၍ မှန်ကန်သင့်လျော်သော ခံယူမှုရှိရ မည် ဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ကျိန်းဝပ်ရာဖြစ်ပြီး အဆောက်အဦး၊ ဘုရားကျောင်းထဲ နေထိုင်ခြင်းမဟုတ်ပေ။

## ၄။ အသင်းတော်တည်ထောင်ရန်အတွက် အရင်းခံအကြောင်းအရာ

### (က) မိမိ၏ ရူပါရုံနှင့် ဘုရားသခင်၏ ခေါ်ခြင်းကို တုန့်ပြန်သည့်အရာ ဖြစ်ရမည်

(၁) ဤအရာမှာ ပထမဖြစ်သည်။ ဘုရားသခင်ပြီးမြောက်ချင်သည့် အမှုအတွက် သင့်အား ဘုရားသခင်မှအရိပ်ပြရမည်။ ကျမ်းစာ၊ အိပ်မက်၊ တစ်ဦးတစ်ယောက်အားဖြင့် ဖွင့်ပြခြင်း၊ ပရောဖက်(သို့မဟုတ်)နေရာဒေသတစ်ခု(သို့မဟုတ်) လူတစ်စုအတွက် ဝန်ထုပ်ရှိနေသည့်အရာများအားဖြင့် ရူပါရုံ ရှိလာနိုင်သည်။ (တမန် ၁၃ , ၁၆း၄-၁၀)

အချို့သောသူများသည် ဘုရားသခင်၏ ခေါ်ခြင်းကို ပြန်လည်တုန့်ပြန်ကြသော်လည်း မကြာမီပင် စိတ်ရှုပ်ထွေးတတ်ကြသည်။ အချို့မှာ တစ်ကိုယ်ကောင်းစိတ် ဝင်လာတတ်ကြပြီး၊ အချို့မှာမူ ဘုရားသခင်၏ ခေါ်ခြင်းကို

တုန့်ပြန်၍ အစပြုသော်လည်း မကြာမီမှာပင် အောင်မြင်မှု၏ လွှမ်းမိုးခြင်း ခံလိုက်ရကြသည်။

အများစုသည် အောက်ပါအချက်များအားဖြင့် ထိန်းချုပ်ခံရလေ့ရှိသည်-

- အောင်မြင်မှုများနှင့် ကျေနပ်ရောင့်ရဲတတ်ခြင်း
- အောင်မြင်မှု သင်္ကေတများဖြစ်သော (ကျော်ကြားမှု၊ စည်းစိမ်၊ အာဏာ၊လောကအသိပညာ များ)
- ရိုးသားမှု ကင်းမဲ့ခြင်း (အကျင့်ပျက်၊ တကိုယ်ကောင်းဆန်၊ ထောင်လွှား၊ တောင်းဆိုမှု)
- ပြိုင်ဆိုင်လိုမှု ပြင်းထန်ခြင်း (၂ကော ၁၀း၁၂)
- သာမန်မဟုတ်သောအရာများနှင့် အလုပ်များနေခြင်း (လုကာ ၁၀း၄၁-၄၂)
- အကျိုးအမြတ်အတွက် ရင်းနှီးမှုကို စတေးလိုစိတ်ရှိခြင်း

(၂) သင်၏ ရုပ်ပါရုံ၊ ခေါ်ခြင်းနှင့်စိတ်ပါဝင်စားမှုသည် ဘုရားသခင်၌အရင်းခံခြင်း မဟုတ်ပါက သေချာပေါက်ကျဆုံးမည်ဖြစ်သည်။ ကျွန်ုပ်တို့ကို ခေါ်ခြင်းသည်လည်း စိတ်ကူးကောင်းသက်သက် ဖြစ်ရုံသာမဟုတ်ပဲ အလွန်အရေးပါသည့် အရာ ဖြစ်ကြောင်းကို သိနားလည်ရမည်။

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခေါ်ခြင်းခံရသော်လည်း တစ်စုံတစ်ရာအားဖြင့် ထိန်းချုပ်ခြင်းခံလာရပြီဆိုပါက ထိုအရာသည် ဇာတိ၏ လုပ်ဆောင်မှုဖြစ်သည်။ ကျွန်ုပ်တို့၏ ရုပ်ပါရုံ၊ ခေါ်ခြင်းနှင့် စိတ်ပါဝင်စားမှုသည် သန့်ရှင်းသော ဝိညာဉ်တော်အား ဝန်ခံခြင်း၌ အစဉ်အမြဲတွယ်နေရမည် ဖြစ်သည်။

## (ခ) မိမိ၏ခေါ်ခြင်းကိုသိသော အကျိုးကျေးဇူး

(၁) ဘုရားသခင်၏ လုပ်ဖော်ဆောင်ဖက်အနေဖြင့် ရည်ရွယ်ချက်အပေါ် အာရုံထားရ မည်။ (၁ကော ၃း၉)

ဘုရားသခင်၏ လုပ်သားများသည် ရူပါရုံအတိုင်း ပြီးမြောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏ အခွင့်အာဏာပေးခြင်းကို ခံယူပြီး ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော် အကူအညီမပါဘဲ မိမိကိုယ်ကို စွန့်စား လုပ်ဆောင်ခြင်းသည် မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲ၍ တစ်သီးတစ်ခြား လုပ်ဆောင်မှုသာဖြစ်ပြီး ထောင်လွှားခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်း သက်သက်သာဖြစ်သည်။ ဘုရားသခင်၏ လုပ်သားများသည် အောင်မြင်မှုနှင့် ချီးမွမ်း ထောမနာပြုမှုများအပေါ် စိတ်ကြီးဝင်တစ် ကိုယ်ကောင်းဆန်ခြင်းမရှိပဲ ဝိညာဉ်တော် ကိုသာ အစဉ်ကိုးစားလုပ်ဆောင်ရမည်ဖြစ်သည်။

(၂) ကောင်းချီးနှင့် အထောက်အပံ့ (ဖိ ၁း၃-၆)

လူအချို့ပြောတတ်ကြသည်မှာ ”ဘုရားသခင် လမ်းပြသည့်နေရာ ဘုရားသခင်သာ ထောက်ပံ့ပေးသည်” အချို့မှာ ” ဘုရားသခင် ညွှန်ကြားမှုအပေါ် ဘုရားသခင်သာ ပြန်လည်ပေးဆပ်သည်။ ဤအရာများသည် ဘုရားသခင်၏ သစ္စာတရားနှင့် ထောက်ပံ့ခြင်းကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ကမ္ဘာဦးကျမ်း ၂၂း၁၄တွင် ယေဟောဝါရီရဲဟူသည့် ဘုရားသခင်၏နာမကို တွေ့နိုင်သည်။ ”သိမြင်သောအရှင် သို့မဟုတ် သိမြင်တော်မူလိမ့်မည့် အရှင်ဟုအဓိပ္ပါယ်ရသည်”

ကောင်းချီးနှင့် ထောက်ပံ့ခြင်းသည် ဘုရားသခင်ထံသို့ နာခံခြင်းအပြည့်နှင့် လျှောက်လှမ်းသူတိုင်းအတွက် ရရှိခံယူနိုင်ကြောင်း ဂတိတော်ရှိပြီးဖြစ်သည်။

(၃) အခက်အခဲပြဿနာအားဖြင့် ယုံကြည်ခြင်းနှင့်လုံ့လ (ဟေဗြဲ ၁၂း၁-၃၊ ၂သက် ၃း၅၊ ယာကုပ် ၁၂း၁-၃)

ကျွန်ုပ်တို့၏ အပြစ်ထဲ၌ လုပ်ဆောင်မှုနှင့် စုံစမ်းခြင်းအပေါ် ခုခံတော်လှန်၍ မိမိကိုယ်မိမိထိန်းချုပ်နိုင်ရန် ကြိုးစားအားထုတ်မှုသည် လောကထဲ အသက်ရှင်နေထိုင်နေသမျှကာလပတ်လုံး မည်သောအခါမျှ အကြွင်းမဲ့အောင်မြင်နိုင်မည် မဟုတ်ပါ။ လူသားတစ်ဦးအနေနှင့် အသက်ရှင်နေသရွေ့ ကျရှုံးခြင်းနှင့် အပြစ်နွံထဲ နေ့ရက်စဉ်တိုင်း ကျင်လည်နေရဦးမည်ဖြစ်သည်။ သို့သော် ထိုကျရှုံးမှုသည် ကျွန်ုပ်တို့၏ သီးပွင့်ခြင်း အဆုံးသတ်မဟုတ်ကြောင်း သိမှတ်ဖို့ရန်လိုသည်။ ကျွန်ုပ်တို့၏ တတ်စွမ်းမှုနှင့် အားနည်းချက်များအား ခရစ်တော်သည် အကြွင်းမဲ့နားလည်ထားပြီး ထိုခရစ်တော်ထဲ အသစ်သောဂရုဏာကို ကျွန်ုပ်တို့သည် နေ့ရက်စဉ်တိုင်း ခံစားနိုင်သည်။ ဟေဗြဲ ၄း၁၄-၁၆၊ ယေရမိ ၃း၂၂-၂၃)။ ကျွန်ုပ်တို့၏ ချို့ယွင်းအားနည်းချက်နှင့် အပြစ်အတွက် နောင်တနှင့် ဝန်ချတောင်းပန်နေသရွေ့ ဘုရားသခင်သည် ဆေးကြောရန်၊ ကုစားရန်နှင့် အသက်တာ ပြန်လည်လန်းဆန်းစေရန် ကတိပေးထားပါသည်။ (၁ယော ၁း၉)

ရှင်ပေါလုမှ- " ငါတို့သည်အားမလျော့ စိတ်မပျက်ပဲကောင်းသော အကျင့်ကို ကျင့်ကြကုန်အံ့ ထိုသို့တည်ကြည်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကို ရိတ်ကြရလိမ့်မည်" ဟုဆိုထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ခက်ခဲ ကြပ်တည်းသော

အခြေအနေများသည် အဓိကမကျပါ။ ဘုရားသခင်၏ ရည်ရွယ်ချက်ကို အဆုံးထိတိုင် ဖော်ဆောင်ပြီး ယုံကြည်ချက် ပျောက်ဆုံးမသွားဖို့ရန် လိုအပ်ပေသည်။ ခရစ်တော်ကိုသာ ရှေ့ထားလျက် အကူအညီရယူခြင်းအားဖြင့် ထိုအခက်အခဲ ပြဿနာများသည် ကျွန်ုပ်တို့၏လုံ့လကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း အစဉ်သတိရနေရမည်။ ထိုလုံ့လသည်လည်း သင်နှင့်သင်၏ သာသနာအတွက် ခိုင်မာသော ယုံကြည်ခြင်း သက်သေကို တည်ဆောက်ပေးမည် ဖြစ်သည်။

(၄) အသင်းတော် တည်ထောင်ခြင်းအတွက် ခေါ်ခြင်းနှင့် ရူပါရုံပေးထားခြင်း အပေါ် လက်ခံယုံကြည်ပါ

(က) သင်သည် အသင်းတော်တည်ထောင်ရန်အတွက် နားလည် သဘောပေါက်လွယ်သောသူဖြစ်သော်ငှင်း မဖြစ်သော်ငှင်း ဘုရားသခင်သည် သင့်အားအသုံးပြုနိုင်သည်။

- မောရှေအား အမှုတော်အတွက် မီးလောင်နေသော ချုံဖုတ်အားဖြင့် ခေါ်ခဲ့သည်။
- ဂိဒေါင်အား ဂျုံနယ်နေစဉ် ခေါ်ခဲ့သည်။
- ယောနအား နိနေဝေမြို့သို့ နောင်တနှင့်ဆိုင်သော တရားဟောဖို့ရန် ခေါ်ခဲ့သည်။ သို့သော် ဘုရားသခင်ထံမှ ထွက်ပြေးရန် ကြိုးစားပြီး နာခံခြင်း လမ်းမှလွဲရှောင်ခဲ့သည်။
- နာခံခြင်းသည် ယဇ်ပူဇော်ခြင်းထက်သာ၍ ကောင်း၏။ ( ၁ရာ ၁၅း၂၂-၁၆)

(ခ) ညဏ်ပညာအတွက် ဆုတောင်း၍ တိကျသည့် မေးခွန်းထုတ်လျက် ရှင်းလင်းသော အဖြေကို တောင်းခံပါ။ (ယာကုပ် ၁း၅-၆)

- ဘုရားသခင်သည် သင့်အားအသင်းတော် တည်ထောင်ရန် ညွှန်ကြား နေပြီဆိုလျှင် မေး ခွန်းထုတ်ပါ။
- ဘုရားသခင်သည် သင့်အတွက်အသင်းတော် တည်ထောင်ရန် နေရာ ပြင်ဆင်ထားပြီ ဆိုလျှင် မေးခွန်းထုတ်ပါ။
- ဘုရားသခင်သည် သင့်အားအသင်းတော် တည်ထောင်ရန် ဦးဆောင် နေမှုအပေါ် မေးခွန်းထုတ်ပါ။

ဘုရားသခင်၏ မေးခွန်းများအပေါ် ကြောက်ရွံ့သော ဘုရားမဟုတ်ပါ။ ထိုနည်းတူ အဖြေပေးရန် တွန့်ဆုတ်ခြင်းလည်းမရှိပါ။ ကျွန်ုပ်တို့သည် မကြာခဏဆိုသလိုပင် ဘုရားသခင်အား မှန်ကန်သည့်မေးခွန်းများ မမေး မိတတ်ကြပေ။ ထို့ကြောင့်ပင် ဘုရားသခင်၏ ခေါ်ခြင်းအရာပေါ် ကျွန်ုပ်တို့၏ တုန့်ပြန်မှုသည် လွယ်ကူစွာ လမ်းလွဲသွားတတ်ကြသည်။ ရှင်ပေါလုပင်လျှင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မက်ကေဒါနိပြည်သို့ စေလွှတ်ခြင်း ခံခဲ့ရသည်။ အကယ်စင်စစ် ထိုအခြင်းအရာသည် ရှင်ပေါလု၏ ရည်ရွယ်ရာ အစီအစဉ်မဟုတ်ပေ။ သို့သော် ကောနေလိယထံသို့ အလည်အပတ် သွားရောက်ရန် ဘုရားသခင်မှ ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဦးဆောင်မှုဖြင့်သတင်း ကောင်းကို စောင့်မျှော်လျက်

လက်ခံတွေ့ဆုံမည့်သူကိုပင် ပြင်ဆင်ပြီးဖြစ်သည်။ ရှင်းလင်းသည့်ဦးတည်ချက်နှင့် ညဏ်ပညာတောင်းခံခြင်းသည် အလွန်အရေးပါလှသည်။

(ဂ) အကြံပေးနိုင်မည့် ပုဂ္ဂိုလ်သုံးယောက် သို့မဟုတ် လေးယောက်ကို ရှာဖွေတိုင်ပင်ပါ (သုတ္တံ ၁၁း၁၄)

- အသင်းတော်တည်ထောင်ခြင်းနှင့် အသင်းအုပ်အတွေ့အကြုံရှိပြီးသူ အနည်းဆုံး နှစ်ဦးခန့်နှင့် တိုင်ပင်ရမည်။
- အသင်းတော်တည်ထောင်ရန် အလားအလာအတွက် သင်၏ အားနည်းချက် အားသာချက်အပေါ် သူတို့၏အမြင်ကိုအတွင်းကျကျ မေးမြန်းရန်လိုအပ်သည်။

အတွေ့အကြုံရှိပြီးသော ခေါင်းဆောင်များထံမှ ပညာနှင့်အကြံပြုချက်များအားဖြင့် ပြဿနာများ ရှောင်ရှားနိုင်ရန် အကူအညီများရနိုင်သည်။ ထိုသူတို့၏ တွေ့ကြုံခဲ့ပြီးသော အသင်းတော်တည်ထောင်ခြင်း၏ အောင်မြင်မှု ကျရှုံးမှုများမှ ပညာယူနိုင်မည်ဖြစ်သည်။

နာကြားခြင်းလျှင်မြန်မှုရှိပါ သို့သော်အကြံပြုချက်များကို တွေးတောပါ ချင့်ချိန်ပါ။ သင်၏ လုပ်ငန်းမစတင်မီ အကြံပြုချက်များကို ဆုတောင်းခြင်းဖြင့် ခွဲခြမ်းစိတ်ဖြာရမည်။ (ယာကုပ် ၁း၁၉) အချို့သူများမှ သင့်အသက်တာထဲမှ လဲကျနိုင်ချေ သို့မဟုတ် အားသာချက်များကို ထုတ်ဖော်ပြောဆိုနိုင်သော် နားလည်လက်ခံရန် ကြိုးစားပါ။ သူတို့၏အကြံပြုချက်များအား သင်မနစ်သက်

သော်လည်း ဆန့်ကျင်တုန့်ပြန်ခြင်းမပြုပဲ ဘုရားသခင်၏ ဖော်ပြခြင်းနှင့် အတည်ပြုခြင်း၌သာ ထိုအကြံပြုချက်များကို ဆုတောင်းအပ်နံပါ။

(ဃ) သင်၏ဆုံးဖြတ်ချက်အပေါ် ဘုရားသခင်၏လမ်းညွှန်မှုကို အခွင့်ပေး၍ အစာရှောင် ဆုတောင်းပါ။ (တမန်တော် ၁၃)

- သန့်ရှင်းသောဝိညာဉ်တော်မှ သင့်အားစကားပြောဖို့ရန် ဆုတောင်းပါ။ (ယော ၁၄း၂၆)
- ဘယ်ညာမလွဲပဲ သင့်ကိုခေါ်ခြင်းအရာ၌ ရပ်တည်လုပ်ဆောင်ပါ။

ဤကဲ့သို့ ဆုတောင်းမှုအားဖြင့် တန်ခိုးနှင့်ပြည့်သောရလဒ်အဖြေကို ရရှိနိုင်မည်ဖြစ်သည်။ (ဇေရ ၈း၂၁-၂၃) (ဟောရှာယ ၅၈း၆) ဓမ္မဟောင်းနှင့် ဓမ္မသစ် တစ်လျှောက်လုံးတွင်လည်း အစာရှောင် ဆုတောင်းခြင်းသည် စည်းကမ်းချက် တစ်ခုအနေနှင့် မျှော်လင့်ရာတစ်ခုဖြစ်ပြီး ရှေ့ဆက်ခရီးအတွက် ထိုးဖောက်ကျော်လွှားမှုဖြစ်သည်။

မောရှေ၏ ရက် ၄၀ အစာရှောင်ခြင်းအား သမ္မာကျမ်းစာတွင် နှစ်ကြိမ်ခန့် မှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။ ယေရှုခရစ်တော်ကိုယ်တိုင်လည်း ရက် ၄၀ အစာရှောင်၍ သူ၏နောက်လိုက်များအားလည်း အစာရှောင်ရန် မှာကြားထားခဲ့သည်။ ရှင်ဘုရင်ဒေးဗစ်သည်လည်း အစာရှောင်ခြင်းဖြင့် နှိမ့်ချမှုအသက်တာကို သင်ယူခဲ့သည်။ ထိုနည်းတူ ယုံကြည်သူများကိုလည်း အတားအဆီးများကို ထိုးဖောက်ကျော်လွှားနိုင်ရန် အစာရှောင်သည့် အသက်တာရှိဖို့ရန် ခွန်အားပေးထားပြီး ထိုအစာရှောင်ခြင်းအားဖြင့် ခရစ်တော်

နှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှု၊ အသက်တာပြောင်းလဲမှု၊ တစ်ကိုယ်ရေရှုံးထမှုနှင့် ဘုရားသခင်၏တန်ခိုးကို ခံယူနိုင်မည်ဖြစ်သည်။

ဝိညာဉ်တိုက်ပွဲအတွက် အစာရှောင် ဆုတောင်းခြင်းသည် အလွန် လိုအပ်ပါသည်။ အသင်းတော် တည်ထောင်ခြင်းအား အစပျိုးရာ ကာလ၌သော်လည်းကောင်း သို့မဟုတ် အတော်အတင့်လုပ်ဆောင်နေစဉ် ကာလ၌သော်လည်းကောင်း သင့်အနေနှင့်ကျော်လွှားနိုင်ဟန် မရှိတော့သည့် အခက်အခဲ အတားအဆီး တွေ့ကြုံနေရလျှင် ထိုအချိန်သည် အစာရှောင် ဆုတောင်းရန် အလွန်သင့်လျော်သောအချိန် ဖြစ်သည်။

(င) သင်၏အသင်းတော်နှင့် ခေါင်းဆောင်သူမှ အတည်ပြုချက် ရှာဖွေပါ။ (တမန် ၁၃)

- ရှင်ပေါလုနှင့်ဗာနဗသည် အမှုတော်အတွက် ခွဲခန့်ခြင်းခံရပြီး သူတို့၏ခေါ်ခြင်းအား အသင်း တော်မှ အတည်ပြုပေးခဲ့သည်။
- ကျန်းမာသည့်အသင်းတော်၌ အစေခံခြင်းမှနေ၍ အတည်ပြုခြင်းနှင့် တာဝန်ခန့်အပ်ခြင်းအတွက် အခွင့်အရေးရနိုင်သည်။

သင်သည် လတ်တလောတွင် အသင်းတော်၌ အစေခံနေလျှင် ခေါင်းဆောင်မှုတွင် မိမိကိုယ်ကိုယ် အပ်နှံလျက် ထိုသူများထံမှ အတည်ပြုချက်ကို ရှာဖွေရမည်။ ထိုသို့မဟုတ်ပဲ သင်သည်ကျမ်းစာကျောင်းသား/သူ သို့မဟုတ် အဖွဲ့အစည်းအတွင်းမှ ယုံကြည်သူတစ်ဦးဖြစ်လျှင် ခရစ်ယာန် ခေါင်းဆောင်များထံမှ အကြံပြုချက်နှင့် အတည်ပြုချက်ကို တတ်နိုင်သရွေ့

ရှာဖွေရမည်ဖြစ်သည်။ သင်၏ခေါ်ခြင်းကို အတည်ပြုခြင်းအရာသည် အသင်းတော်တည်ထောင်ရန် စေလွှတ်ခံရခြင်းအဖို့ ဆုတောင်းခြင်း၊ အကူအညီနှင့် ကောင်းချီးအဖြစ် အထောက်အပံ့ရလိမ့်မည်။ သင်သည် အတည်ပြုချက်မရှိပဲ ကြိုးစားနေပါက သင်၏ဆုံးဖြတ်ချက်သည်လည်း ပုန်ကန်မှု သို့မဟုတ် အသင်းတော်ကွဲလွင့်ရန် လုပ်ဆောင်မှုသာ ဖြစ်လာနိုင်သည်။

(စ) သင်၏ခေါ်ခြင်းကို အတည်ပြုသကဲ့သို့ ငြိမ်သက်ခြင်းကိုလည်း မျှော်လင့်တောင်းခံပါ (ယော ၁၄း၂၇)

အမျိုးမျိုးသော အတည်ပြုချက်များကို ရရှိပြီးနောက် အသင်းတော်တည်ထောင်မည့်သူသည် ငြိမ်သက်ခြင်းကို ခံစားနားလည်ရပေမည်။ အချို့သော စိုးရိမ်မှုကြောင့်ကျမှုများ တွေ့နိုင်သည်ကို သိထားရန်လိုအပ်သည်။ ထိုကြောင့်ကျမှုများသည် သင်၏စိတ်ကို ကစဉ့်ကလျားဖြစ်စေသော ခံစားမှုများမဖြစ်သင့်ပေ။ သင့်ကိုငြိမ်သက်ခြင်းရှိရန် ဘုရားသခင်သည် အာမခံချက်ပေးထားပြီးဖြစ်သည်။ စိုးရိမ်ပူပန်မှုများကို ယုံကြည်စိတ်ချမှုရှိရှိနှင့် နေရာမှ ဖယ်ရှားနိုင်ပါသည်။

သင်သည် အိမ်ထောင်ရှိသူဖြစ်လျှင် သင်နှင့် သင့်ဇနီး/ခင်ပွန်း၏ နှလုံးသားအားငြိမ်သက်ခြင်းနှင့် စည်းလုံးခြင်းအားဖြင့် အုပ်စိုးစေရန် လိုအပ်ပါသည်။ ဘုရားသခင်သည် စည်းလုံးမှုရှိသူများအား ငြိမ်သက်ခြင်း

ကောင်းချီးကို ခံစားစေသည်။ သို့သော် သင့်ဇနီး/ခင်ပွန်းနှင့် မိသားစုသည် စည်းလုံးခြင်း မရှိပါက စစ်မှန်သော ငြိမ်သက်ခြင်းကို ခံစားရမည်မဟုတ်ပေ။

(ဆ) ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်ကို ရိုးရှင်းစွာဖြင့် ဖွင့်ပြထားပြီး ကျွန်ုပ်တို့ အဆင်မပြေဖြစ်နေချိန်လည်း ဘုရားသခင်၏ငြိမ်သက်ခြင်းကို ခံစားစေသည်။ (ဖေက် ၁း၁၇-၁၈၊ လုကာ ၁၀း၂၁)

ဘုရားသခင်၏ ကြီးမြတ်ခြင်းသည် အလွန်နက်နဲ၍ နားလည်ရန် ခက်ခဲသော်လည်း သူ၏အကြံအစည်အား အလွန်ရိုးရှင်းစွာ ဖော်ပြပြီး ကျွန်ုပ်တို့အား လွယ်ကူစွာ နားလည်စေပါသည်။

## ၅။ သင်၏အသင်းတော်အတွက် စံနူန်း၊ ရူပါရုံနှင့်ပုံစံ

**(က) စံနူန်းဆိုသည်မှာ သာသနာကို မည်ကဲ့သို့ ဦးဆောင်ကိုင်တွယ်ရမည်ဟူသည့် သင်၏ လက်ခံယူဆမှုနှင့် ဦးစားပေးမှုများအတွက် ဖော်ပြချက်ဖြစ်သည်။ လူတို့သည် ရလဒ်အပေါ်သာ အာရုံ ထားကြသည်ဖြစ်၍ သင်နှင့်သင်၏အသင်းတော်အတွက် အလွန်အရေးကြီးသည်။**

သင်၏စံနူန်းသည် သင်၏ရှင်သန်မှုနှင့် လုပ်ဆောင်ချက်အရာ၌ သင်၏ ယုံကြည်ချက်သည် အရေးကြီးကြောင်းဆိုလိုသည်။ သင်၏အသက်တာနှင့် လုပ်ငန်းသည် သင်စံနူန်းထားသည့်အတိုင်း အောင်မြင်မှုအဆင့်သို့ ရောက်ရှိနေပြီဆိုလျှင် သင်၏ဦးစားပေးမှု အရာများအားဖြင့် တိုင်းတာဆုံးဖြတ်ကြပေသည်။

သင်နှင့်သင်၏အသင်းတော်သည် စံနှုန်းကိုက်ညီမှုရှိလာပြီဆိုပါက ကျေနပ်အားရမှုရှိပြီး သင်ထားရှိသည့်စံနှုန်းနှင့်မကိုက်ညီပါက မှားယွင်းသည့်အခြေအနေကို ခံစားရပြီး ပျော်ရွှင်ခြင်းကင်းမဲ့၍ အချဉ်းနီးသက်သက် ဖြစ်လာနိုင်သည်။

(၁) ဘုရားသခင်၏ စိတ်နှလုံးနှင့် အနီးဆုံးဖြစ်သည့်ရလဒ်များအား ဖော်ပြရန် ဆုတောင်းရမည်။ (ဆာလံ ၁၂၇း၁)

(၂) ဘုရားသခင်သည် အသင်းတော်အတွက် သင်ရှိနှင့်ပြီးသော စံနှုန်းအပေါ် အခြေခံ၍ သူ၏အကြံအစည်ကို ဖွင့်ပြမည်ဖြစ်သည်။ အောက်ပါအရေးကြီး လှသည့် စံနှုန်းများအား သိမှတ်ရန်လိုအပ်သည်။

- ဧဝံဂေလိ၊ မိတ်သဟာရ၊ တရားဟောခြင်း၊ မေတ္တာပြခြင်း
- ရှင်းလင်းသော သင်ကြားခြင်း
- မျိုးနွယ်အသီးသီးထံသို့ သာသနာပြုခြင်း
- တီထွင်နိုင်စွမ်းရှိခြင်း
- အတတ်ပညာ (အနုပညာ)
- ဝတ်ပြုခြင်း
- တစ်ဦးချင်းနှင့်ဆိုင်သော တပည့်တော်မွေးထုတ်ခြင်း
- သာသနာပြုအဖွဲ့ငယ်
- လူမှုရေးပါဝင်မှု
- ကလေးသာသနာ
- အသင်းဝင်များ သာသနာထဲ ပါဝင်မှု

- သင်းခွဲဖွဲ့ခြင်း
- တိုင်းတပါး သာသနာ
- ခရစ်ယာန် အဖွဲ့အစည်းများနှင့် ပူပေါင်းဆောင်ရွက်ခြင်း
- ရိုးရာဂီတနှင့် ဆက်စပ်ခြင်း
- သာသနာပြု အသင်းဖွဲ့ခြင်း (စိတ်ပါဝင်စားသူဆရာများ)
- မေတ္တာပြ မိတ်သဟာရ
- ယဉ်ကျေးမှုနှင့် တွဲဖက်ဆက်စပ်ခြင်း
- အဖွဲ့အစည်း၌ ပါဝင်လှုပ်ရှားခြင်း
- အသင်းဝင်များအား စောင့်ရှောက်မှု
- ဆုတောင်းခြင်းကိုဗဟိုပြုသော သာသနာ
- ခေတ်နှင့်ညီသော ပုံစံဖွဲ့ခြင်းနှင့် အခြားသောအချက်များ ပါဝင်သည်။

အထက်ပါ အချက်များထံမှ သင်၏ရွေးချယ်မှုအပေါ် အခြေခံ၍ သော်လည်းကောင်း ရေးသားထားချက်အားလုံးအားဖြင့်သော်လည်းကောင်း သင်၏ စံနှုန်းထားခြင်းနှင့် ဦးစားပေးသောအရာများကို နားလည်လာမည်ဖြစ်ပြီး သင်၏ အသင်းတော်နှင့် သာသနာသည်လည်း ရုပ်လုံးပေါ်လာမည်ဖြစ်သည်။ သင်၏ စံနှုန်းသည် လက်ရှိသင်၏ စိတ်နှလုံးကို ကိုယ်စားပြုပြီး အနာဂတ်အတွက် မျှော်လင့်ချက်နှင့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ရန် လှုံ့ဆော်မှုပင် ဖြစ်သည်။

(၃) သင်၏စံနှုန်းများသည် ရှုပါရုံအဖို့ လောင်စာတွန်းအားဖြစ်သည်။

သင်၏စံနှုန်းသည် ဇဝ်ဂေလိပြုခြင်းအပေါ် အခြေတည်လျှင် ခရစ်တော်၏ အဖွဲ့အစ စည်းတစ်ခုဖြစ်လာရန် ရှုပါရုံရှိလိမ့်မည်။ အသင်းငယ်ခွဲလိုသည့်စံနှုန်းဆိုလျှင် အသင်းတော်များအား မိသားစုပုံစံဖွဲ့ရန် ရှုပါရုံထားရှိလိမ့်မည်။ ဆုတောင်းခြင်းဆိုပါက သာသနာလည်ပတ်မှုအတွက်ဆု တောင်းခြင်းရှုပါရုံရှိမည်ဖြစ်ပြီး သာသနာပြု အဖွဲ့ငယ်များ ဖွဲ့ခြင်းဆိုလျှင်လည်း အသင်းတော်တွင် သာသနာပြု အဖွဲ့ငယ်များ တိုးပွားရန် ရှုပါရုံရှိလိမ့်မည် ဖြစ်သည်။

**(ခ) ရှုပါရုံဆိုသည်မှာ အဘယ်နည်း။**

- အသင်းတော်တည်ထောင်ရန်အတွက် အနာဂတ်ရည်ရွယ်ရည်ညွှန်းချက် ဖြစ်သည်။
- အသင်းတော်အား လုပ်စေချင်သည့်အရာနှင့် ဖြစ်လာစေချင်သည့်အရာအား ဖော်ပြချက် ဖြစ်သည်။
- ဘုရားသခင်၏ အသင်းတော်အတွက် ယုံကြည်မှုကို ဖော်ပြသည့်အရာဖြစ်သည်။
- ဘုရားသခင်၏ စိတ်တော်နှင့် တွေ့ခြင်းဖြစ်သည်။

**(ဂ) သင်၏ရှုပါရုံ ဖော်ပြချက်အားရေးပါ**

- အသင်းတော်တည်ထောင်ခြင်းအတွက် ဘုရားသခင်အား သင်ယုံကြည်ကိုးစားသည့် အရာမှာ အဘယ်နည်း။
- အဘယ်သို့ကိုးစားသနည်း (အသင်းတော်တည်ထောင်မှု အောင်မြင်ရန်)
- သင်၏ရှုပါရုံဖော်ပြချက်သည် သင်၏စိတ်နလုံးမှ စံနှုန်းကို ထင်ဟပ်နေစေရန် သတိရပါ။

- သင်၏ရုပါရုံ ဖော်ပြချက်သည် လိုရင်းတိုရှင်းဖြစ်ပြီး ရှင်းလင်းမှု ရှိရမည်။
- စာကြောင်း နစ်ကြောင်းသုံးကြောင်းခန့်ဖြင့် ဖော်ပြရမည်။

**(ဃ) သင်၏အသင်းတော်အတွက် သာသနာပြုမှုပုံစံကို စဉ်းစားဆုံးဖြတ်ပါ။**

- ယဉ်ကျေးမှုနှင့် လူဦးရေအလိုက် ပစ်မှတ်ထားခြင်းအတွက် မည့်သည့်အရာသည် အရေး ကြီးသနည်း။
- အဖွဲ့အစည်း၏လိုအပ်ချက်မှာ အဘယ်အရာနည်း။ ပထမအနေနှင့် သင်၏စိတ်နလုံး အတွင်းမှ ပေးဆပ်ရန်တွေးထားရမည်။ ထို့နောက် သင်၏ဆုကျေးဇူး ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများအားဖြင့် လုပ်ဆောင်ရမည်ကို သိရှိရမည်။

**မိမိ၏စိတ်နလုံးကို မေးခွန်းထုတ်ရန် လိုအပ်သည့်အရာများ-**

- သင်၏ဝိညာဉ်ရေးအသက်တာအခြေအနေမှန်မှာ အဘယ်နည်း။
- ကိစ္စရပ်များ မည်ကဲ့သို့အမှန်တကယ်ဖြစ်ပွားနေသနည်း။
- အဘယ်သို့ ရုန်းကန်ရှေ့ဆက်နေရသနည်း။
- အဘယ်အရာများက အကန့်အသတ်၊ အတားအဆီးဖြစ်နေသနည်း။
- အဘယ်သို့သော ပြဿနာများနှင့် ကြုံတွေ့နေရသနည်း။
- အောင်မြင်ခြင်းကို မည်သည့်နေရာ၌ ရှာဖွေနေသနည်း။
- မိသားစု၏ ကျန်းမာရေး အခြေအနေမှာ အဘယ်နည်း။

ဤမေးခွန်းများမှ သင်၏လက်ရှိသာသနာနှင့် ဘဝအသက်တာအား အကူအညီ ပေးနိုင်ပါသည်။ ဤအရာများသည် သန့်ရှင်းသောဝိညာဉ်တော်၏ ပွဲပြင်မှုအုပ်စိုးမှုအတွက် အထောက်အကူ ဖြစ်ပါသည်။ ဤအကြောင်းအရာများအား လျစ်လျူရှုထားမည်ဆိုပါက

သင်၏အသင်းတော် လုပ်ငန်းသည် ကနဦး အစမှာပင် အစိတ်အပိုင်းချို့ယွင်းနေပြီဖြစ်ပြီး ကျရှုံးရလိမ့်မည်ဖြစ် သည်။

ဒုတိယအနေဖြင့် အပြင်ပန်းအခြေအနေများအတွက် စဉ်းစားရန်လိုအပ်သည်။ အသင်းတော် လုပ်ငန်းအတွက် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များကို စဉ်းစားဆုံးဖြတ်ရန် ဖြစ်သည်။ အကယ်၍ ပြဿနာများ၊ လိုအပ်ချက်များရှိလျှင် ထိုအခက်အခဲပြဿနာများ ပြေလျော့သွားရန်မည်သည့် နည်းစနစ်ပုံစံသည် အကိုက်ညီဆုံးသော အဖြေဖြစ်သည်ကို စဉ်းစားရမည်။

**ပြင်ပပြဿနာများအတွက် မေးခွန်းထုတ်ရမည်။**

- သင်၏ယဉ်ကျေးမှု ထုံးတမ်းအခြေအနေမှန်။
- အဖွဲ့အစည်းအတွင်း အသင်းတော်ကို ထိခိုက်စေမည့် မည်သည့်အရာ ဖြစ်ပေါ်နေသနည်း။
- အသင်းတော်တွင် ယဉ်ကျေးမှုထုံးတမ်းအား ထိခိုက်စေမည့် မည်သည့်အရာ ဖြစ်ပေါ်နေသနည်း။
- အဘယ်သို့ ဦးတည်ရွေ့လျားနေသနည်း။
- သင်၏အသင်းတော်အားဖြင့် ကောင်းကင်နိုင်ငံသည် သင်၏အဖွဲ့အစည်းအတွင်း ဝင်ရောက်နေရာယူခဲ့မည်ဆိုလျှင် မည်သို့သော သဏ္ဍာန် ဖြစ်နိုင်မည်နည်း။

သင်၏အဖွဲ့အစည်းသည် မည်ကဲ့သို့ လုပ်ဆောင်ရမည် မည်သည့်အရာများ လိုအပ်သည်ကို နားလည်နိုင်ရန် အထက်ပါမေးခွန်းများမှ ကူညီပေးနိုင်ပါသည်။ ဤအရာများမှ လူတို့၏လိုအပ် ချက်များကို တွေ့မြင်နိုင်ရန် တိကျသည့် သက်ရောက်မှုနှင့် ရင်းနှီးမှုအတွက်

တံတားတစ်ရပ် တည်ဆောက်နိုင်ရန် ကူညီပေးနိုင်သည်။ သင့်ထံမှအဖွဲ့အစည်းသို့ ရင်းနှီးမှုတံတားတည်ဆောက်ရမည်။

ထိုရင်းနှီးမှုတံတားသည် သင်၏ပစ်မှတ် လူစုအဖွဲ့၏ စိတ်နှလုံးသားများထံသို့ ဆက်သွယ် ပေးသည့်အရာဖြစ်သည်။ ထိုတံတားသည် သင့်အားသင်၏ပစ်မှတ်ထားရာ လူစုများထံ ဆက်နွယ်မှု ရင်းနှီးပေါင်းဖော်မှုနှင့် အုပ်စိုးမှု ရှိစေရန် အခွင့်ပေးမည်ဖြစ်သည်။ သင်တန်းသား များအား သူတို့၏ရုပ်ပါရုံဖော်ပြချက်ရေးသားရန် မိနစ် ၂၀/၃၀ခန့် အချိန်ပေးပါ။ သင်တန်းသားများအား လူအုပ်ရှေ့တွင် သူတို့၏ရုပ်ပါရုံ ဖော်ပြချက်များအား တစ်ဦးချင်းစီ ဝေငှခွင့်ပေးပါ။

သင်တန်းသားများအနေဖြင့် နားလည်မှုလွဲနေသောအရာများရှိလျှင် ဤအချိန်သည် လမ်းကြောင်းညွှန် တည့်မတ်ပေးရန် အကောင်းဆုံးအချိန်ဖြစ်သည်။

အောက်ဖော်ပြပါ မှတ်စုများအားဖြင့် ဤအခန်းအား နဂုံးချုပ်ပါမည်။တာဝန်နဲ့ ဝိုင်းဝန်ကူညီမှုအတွက် အခြားသူများနှင့် ဝေငှခြင်း ပြန်လည်ဆန်းစစ်ခြင်းနှင့် ရှင်းလင်းခြင်း ပြုလုပ်ပါ။

- ခေါင်းဆောင်တစ်ဦးအနေဖြင့် စံနှုန်း၊ ရုပ်ပါရုံနှင့် သာသနာပြုနည်းစနစ်အား အခြားသော ခေါင်းဆောင်များထံ ဝေငှရန်အရေးကြီးသည်။
- အကြောင်းအရာတစ်ခုစီတိုင်းအား အတူတကွပြန်လည်ဆန်းစစ်နိုင်သည်။ သူတို့၏ရည်ရွယ်ချက်နှင့် အရည်သဖြင့် နားလည်သဘောပေါက်စေရန် ဆုတောင်းခြင်းအပြင် အဆင့်အလိုက် ဖော်ပြခြင်းအရာအပေါ် စဉ်းစားသုံးသပ်ရမည်။

- ယုံကြည်လောက်သောအကြံပြုချက်မှ တုန့်ပြန်မှုကို ပြန်လည်ရရှိပြီးနောက် သင်၏စံနှုန်း နည်းစနစ်ကို ရှင်းလင်းပါ။
    - အခြားသောအတွေ့အကြုံရှိ ခေါင်းဆောင်များထဲမှ အချိန်၊ ခွန်အားနှင့် အရင်းအမြစ်များ ချွေတာရန် အကူအညီရနိုင်သည်။
    - အခြားသောခေါင်းဆောင်များနှင့် ဆွေးနွေးခြင်းအားဖြင့် သင်၏ပစ်မှတ် လူစုအဖွဲ့အစည်းကို နားလည်သဘောပေါက်ခြင်းအတွက် အကူအညီရ နိုင်သည်။
    - တရားနည်းလမ်းကျသော အကြံပြုချက်များသည် သင့်ကိုအကူအညီပေးမည် ဖြစ်ပြီး အဓိကမကျသောအရာများကိုရှောင်ဆိုင်း၍ အဓိကကျသော အခြင်းအရာ များကို အာရုံစိုက်ရမည်။
    - ပြောင်းလဲရန်လိုအပ်လျှင် ပြောင်းလဲ၍ သင်၏အသင်းတော်လုပ်ငန်းတွင် အသုံးပြုရမည်။

## ၆။ စီမံကိန်းနှင့် နည်းဗျူဟာ

### (က) စီမံကိန်းနှင့် ပန်းတိုင်ထားခြင်းသည် ဘုရားအလိုတော်ရှိသော လုပ်ဆောင်မှုဖြစ်သည်။

စီမံကိန်းနှင့် ပန်းတိုင်ရှိခြင်းသည် သင့်အားချိန်ညှိပေးရန် လုပ်ငန်းကို နားလည်သဘော ပေါက်သော လုပ်ဆောင်မှုနှင့် အောင်မြင်ခြင်းပင် ဖြစ်ပြီး သင်၏ရူပါရုံသည် ဘုရားသခင်၏ အကြံအစည်နှင့် ရည်ရွယ်ချက်အတိုင်းသာ ဖြစ်ရမည်။ (သုံတ္တံ ၂၉း၂၈)အရ" ရူပါရုံမရှိလျှင် လူတို့သည် အကျိုး နည်းကြပြီ" ဟု ဖော်ပြထားသည်။

(၁) ဖန်းဆင်းခြင်းအရာအားလုံးအတွက် ဘုရားသခင် အကြံအစည်ရှိသည်။ (ဟောရှာယ ၃၇း၂၆)

(၂) လူသားတစ်ဦးချင်းစီတိုင်းအတွက် အကြံအစည်ပြုလုပ်ထားသည်။ (ယေရမိ ၂၉း၁၁)

(၃) လုပ်ဆောင်ရမည့်နည်းလမ်းအား သမ္မာကျမ်းတွင်ဖော်ပြထားသည်။

- မောရှေသည် နည်းလမ်းတကျ အုပ်ချုပ်နိုင်ရန် ယေသရောအားဖြင့် သွန်သင်ခြင်းခံရ သည်။ (ထွက်မြောက် ၁၈း၁-၂၇)
- ယောရှုသည် ယေရိခေါမြို့အား အနိုင်ရရန် ဘုရားသခင်အားဖြင့် သွန်သင်ခြင်းခံရ သည်။
- နေဟေမိ၏ အတတ်ပညာကျွမ်းကျင်မှုဖြင့် ယေရုရှလင်မြို့ရိုးအား အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည်။
- ခရစ်တော်သည် သတင်းကောင်းအဖို့တပည့်တော်များ မွေးထုတ်ခြင်း လေ့ကျင့်ပေး ခြင်းနှင့် စေလွှတ်ခြင်း ကျွမ်းကျင်သူဖြစ်သည်။
- ရှင်ပေါလုသည် မည်သူမျှ သတင်းကောင်းမဝေငှဖူးသောအရပ်၌ သတင်းကောင်းဟော ပြောရန် အကြံအစည်ရှိခဲ့သည်။ (ရောမ ၁၅း၂၀)

**(ခ) လူအများစုတို့သည် ရှုပ်ရှုံများရှိကြသော်လည်း အနည်းငယ်သော လူစုသာ လုပ်ငန်း အောင်မြင်ရန် စီမံကိန်းနှင့် နည်းဗျူဟာများကို ဖန်တီးနိုင်ကြသည်။ အသင်းတော် တည်ထောင်မည့်သူ သည် ဘုရားသခင်၏အလိုတော်ကို ရှာဖွေပြီး အံဝင်ခွင်ကျသော အစီအစဉ်ပြုလုပ်နိုင်ရန် လုံ့လစိုက် အချိန်ယူလုပ်ဆောင်ရမည်။**

- ယောသပ်၏ အသက်တာအားကြည့်လျှင် ဘုရားသခင်မှ ယောသပ်အား အခက်အခဲ ပြဿနာကြားမှပင် စီမံခန့်ခွဲမှု အုပ်ချုပ်မှု ဖွဲ့စည်းမှုနှင့် အစီအစဉ်ချခြင်းအရာများကို သင်ကြားစေပြီး မည် ကဲ့သို့ ခွဲခန့်ခဲ့ကြောင်းကို ဆင်ခြင်နိုင်သည်။
- ယောသပ်သည် အစာခေါင်းပါးခြင်းနှင့် နောင်းပိုင်းကာလများအတွင်း လူမျိုးစုတစ်ခု လုံးနှင့် သူ၏မိသားစုများအား စောင့်ရှောက်ခွင့်ရဖို့ရန် အုပ်ချုပ်စီမံခန့်ခွဲရေးအား မည် ကဲ့သို့ ဂရုပြုရမည်ကို လေ့လာသင်ယူခဲ့သည်။
- အစီအစဉ်ချမှတ်ခြင်းအားဖြင့်လည်း ခရစ်တော်မှ ထောက်ပံ့ခြင်း၊ ကောင်းချီးပေးခြင်း၊ နိမိတ်လက္ခဏာများ ပြုခဲ့ခြင်းဖြစ်သည်။

**(ဂ) ရှင်းလင်းသော နည်းဗျူဟာဖြစ်ရမည်။**

- အစီအစဉ်သည် လှုပ်ရှားရမည့်အချက် သို့မဟုတ် လုပ်ငန်းတာဝန်များအားရှင်းလင်းစွာ ဖော်ပြထားမှုရှိရမည်။
- လုပ်ဆောင်မည့်အရာ သို့မဟုတ် လုပ်ငန်းတာဝန်တစ်ခုစီတိုင်းသည် အကျိုးရလဒ်ရှိရမည်။

- အကျိုးရလဒ်တိုင်းသည်လည်းဂဏန်း သို့မဟုတ် အချိန်အားဖြင့်တိုင်းတာရနိုင်သော အရာဖြစ်ရမည်။
- ဤအချက်များအား ပြက္ခဒိန်၌ အစီအစဉ်ချမှတ်ရန် လိုအပ်သည်။ သို့မှသာ အခြေအနေ တိုးတက်မှု ရှိမရှိ ခြေရာကောက်နိုင်မည်ဖြစ်သည်။
- နည်းဗျူဟာ၏ ပြီးမြောက်အောင်မြင်မှု အဆင့်တိုင်းအား ပွဲခံဆင်နွှဲခြင်းပြုသင့်သည်။
- အကျိုးရလဒ်သည် ထွက်ပေါ်သည့်အရာ/ထွက်ကုန်နှင့်မတူညီပေ။
- အကျိုးရလဒ်သည် ဆောင်ရွက်ခြင်း သို့မဟုတ် တိုးတက်ခြင်း၏ ရလဒ်ဖြစ်သည်။
- ထွက်ပေါ်ခြင်းသည် လူတစ်ဦးတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုအားဖြင့် ထွက်ပေါ်လာသည့် တစ်စုံတစ်ရာ၏ အရေအတွက်ဖြစ်သည်။
- အကျိုးရလဒ်သည် ပြောင်းလဲခြင်းနှင့်ဆိုင်သော အပြောင်းအလဲ၏ သက်ရောက်မှုဖြစ်ပြီးအခြေအနေအသီးသီး၌ မြင်တွေ့နိုင်သည်။ ထွက်ပေါ်မှုသည်ရေတွက်နိုင်သောအရာဖြစ်ပြီး အရည်အချင်းအားဖြင့်မဟုတ်ပဲ အရေအတွက်အားဖြင့်သာ မှတ်ချက်ချနိုင်သည်။
- အကျိုးရလဒ်သည် ပင်ကိုအရည်အချင်းအပေါ်အခြေခံ၍ ကျန်းမာခြင်း၊ ပြောင်းလဲခြင်းနှင့် နောက်ပိုင်းတွင် အရေအတွက်အားဖြင့် ကြီးထွားခြင်းကို ဖော်ဆောင်ပေးသည်။
- ထွက်ပေါ်ခြင်း / ထွက်ကုန်သည်တန်ဖိုးဖြတ်ခြင်းအရာပေါ်အခြေခံ၍ အားနည်းသောအရာများကို အားဖြည့်ရန် သတင်းအချက်အလက်များကို ထောက်ပံ့ပေးပြီး ခေါင်းပါးသော နေရာဒေသများကို ညွှန်ပြပေးသည်။

**(ဃ) စီမံကိန်းနှင့် နည်းဗျူဟာသည် သင်၏အသင်းတော်အလားအလာရှိမှုကို တိုးပွားများပြားစေသည်။ (သုတ္တံ ၂၉း၁၈)**

- ခေါင်းဆောင်ကောင်းသည် အောင်မြင်ပြည့်စုံသော စီမံကိန်းများ ရေးဆွဲသည်။ (သုတ္တံ ၁၆း၃ ; ဆာလံ ၉၀း၁၂)
- သင်၏အကြံအစည်အတွက် သန့်ရှင်းသော ဝိညာဉ်တော်သည် လမ်းပြလိမ့်မည်။
- တိုးတက်အောင်မြင်မှုသည် သင်၏ပြင်းပြသောစိတ်နှင့် ဘုရားသခင်၏သင်၏ အကြံအစည် အပေါ်မှုတ်သွင်းခြင်းတို့၏ ဆက်နွယ်မှု ဖြစ်သည်။
- လုပ်ငန်းတာဝန်ပြီးမြောက်ခြင်းနှင့် အခြေအနေတိုးတက်မှုအား မြင့်တွေ့ရခြင်းသည်စီမံကိန်းနှင့်နည်းဗျူဟာ ပြည့်စုံမှုလုပ်ငန်းစဉ်အတွက် လောင်စာနှင့်လှုံ့ဆော်မှုကိုဖြစ်စေလိမ့်မည်။
- ရူပါရုံပြည့်စုံပြီးမြောက်ခြင်း၏ ရည်ရွယ်ချက်အဖို့ အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းရှိလျှင် သင်၏လုပ်ငန်းတိုးတက်မှုသည်လည်း အရေအတွက်အားဖြင့် တိုးပွားလာမည်ဖြစ်သည်။

## ၇။ အသင်းတော် အုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှု

ကျမ်းစာအရ အသင်းတော်ကို နည်းလမ်းအမျိုးမျိုးဖြင့် ဖော်ပြထားပါသည်။ မြင်နိုင်သောအသင်းတော်သည် အသက်ရှင်သော အဖွဲ့အစည်း၊ ခရစ်တော်၏ခန္ဓာအဖြစ် ကျွန်ုပ်တို့သည် သိရှိပြီးဖြစ်သည်။ အသင်းတော်သည် ခရစ်တော်အားဖြင့်တည်ထောင်ပြီး သမ္မာကျမ်းစာ၏ လမ်းညွှန်မှုများအားဖြင့် ထိန်းကျောင်းတည့်မတ်ခြင်းကို ခံရကြောင်း သိရှိရပါသည်။ သန့်ရှင်းသော

ဝိညာဉ်တော်သည်အဖွဲ့အစည်းအား ဦးဆောင်သကဲ့သို့ ဘုရားသခင်မှကြီးထွားရန် လှုံ့ဆော်မှု၊ သက်ရောက်မှု၊ မိတ်သဟာရနှင့် ကျန်းမာခြင်းအဖို့ ခေါင်းဆောင်များကို ဘိတ်သိပ်ပေးထားပြီးဖြစ်သည်။ သမိုင်းတစ်လျှောက်တွင် အသင်းတော်ခေါင်းဆောင်များကို စိုးမိုးခြယ်လှယ်ခဲ့သည့် အသင်းတော်အုပ်ချုပ်မှု ပိုင်းဆိုင်ရာအခြေခံစနစ်များနှင့် ရင်းနှီးဆက်နွယ်မှုများကို ရှုပ်ထွေးစေရန်မဟုတ်ပါ။ သို့သော်အသင်းတော်၏ ရည်ရွယ်ချက် အဆုံးသတ်အတွက် အစေခံရန် ဖွဲ့စည်းတည်ဆောက်မှုကို ဖော်ပြခြင်းတစ်ခု ဖြစ်သည်။

- အခြေခံစနစ်သုံးမျိုးကို ဆွေးနွေးရန် ကျမ်းစာတွင် ဖော်ပြချက်များကို ကြည့်ရန်

**(က) သက်ဦးဆံပိုင်ခေါင်းဆောင်မှု**

အသင်းတော်သည် ဒေသယဉ်ကျေးမှု၏ နိုင်ငံရေးစနစ်ကို တုပလေ့ရှိတတ်သည်။ အသင်း တော်ဖခင်ကြီးများ၏ ရေးသားချက်များအရ သက်ဦးဆံပိုင် ခေါင်းဆောင်အုပ်ချုပ်မှုသည် ရောမအင်ပါယာ ခေါင်းဆောင်မှုနှင့် အနိုင်အမာဆက်နွယ်မှုရှိသည်။ ရောမအင်ပါယာသည် အသင်းတော်အတွင်း ရှိ တာဝန်များအပေါ်တွင်အုပ်စိုးချယ်လှယ်သကဲ့သို့ ထိုတာဝန်ခံများသည်လည်း အသင်းဝင်များအပေါ်တွင် အုပ်ချုပ်ချယ်လှယ်ကြသည်။ ထိုအုပ်ချုပ်မှုပုံစံသည် ယနေ့အသင်းတော်ခေတ်ထိတိုင် ရှိက်ခတ်လျှက်ရှိသည်။ အဓိကအားဖြင့် ရိုမန်ကာတ်သလစ် အသင်းတော်တွင် ဖြစ်သည်။ ဤအုပ်ချုပ်မှုသည် လုံလောက်မှုကို ပုံဖော်နေစဉ်အတွင်းမှာပင် အကျင့်ပျက်ခြစားမှုသည်လည်း အစဉ်အမြဲအန္တရာယ်ဖြစ်သည်။

**(ခ) အုပ်စုလိုက် ခေါင်းဆောင်မှု**

ယုံကြည်သူတိုင်း၏ ယဇ်ပုရောဟိတ်ဖြစ်ခြင်းအရာပေါ်အခြေခံပြီး အုပ်စုလိုက် ခေါင်းဆောင်မှုသည် ပရိုတက်စတန့်အသင်းတော်တွင် လွှမ်းမိုးမှုရှိသည်။ ဤအုပ်ချုပ်မှု ပုံစံသည်

များသောအားဖြင့် နှစ်ခြင်းအသင်းတော်များတွင်တွေ့ရသည်။ အသင်းထောက်၊ အသင်းအုပ်နှင့် တာဝန်ခံများ၏ ဂုဏ်ကိုလည်း ထိန်းသိမ်းခြင်းဖြစ်ပြီး မည်သို့ဆိုစေ အခွင့်အာဏာသည် အသင်းဝင်များတွင် တွေ့ရသည်။ အသင်းဝင်များနှစ်စဉ်ဘဏ္ဍာရေး၊ အသင်းတော်အစီအစဉ်နှင့် ခေါင်းဆောင်ခန့်ခြင်းအရာများအတွက် မဲပေးရွေးချယ်နိုင်ခွင့်ရှိကြသည်။ စိတ်ဝမ်းကွဲခြင်းသည် အနုတ်ရလဒ် ဖြစ်နိုင်သော်လည်း အကျင့်ပျက် ရှုန်းရင်းဆန့်ခတ်ဖြစ်ခြင်းကို တားဆီးနိုင်သည်။

**(ဂ) အသင်းလူကြီးခေါင်းဆောင်မှု**

လူသိများသောစနစ်တစ်ခုဖြစ်သည်။ အသင်းလူကြီးမှ ခေါင်းဆောင်ခြင်းဖြစ်ပြီး အသင်းထောက်များ၏ ပံ့ပိုးခံများဖြစ်သည်။ အသင်းတော်များတွင် အကန့်အသတ်ရှိနိုင်သည်။ သို့သော် သမ္မာကျမ်းစာ အရည်အသွေးရှိခေါင်းဆောင်သည် အာဏာကို မျှဝေတတ်သည်။ ဤစနစ်သည် အသင်းဝင်များနှင့် အသင်းလူကြီးများကြား (သူတို့ ငါတို့)စသည့် သဘောထားများ ထွက်ပေါ်နိုင်သော်လည်း တာဝန်ရှိမှုနှင့် အကျိုးကျေးဇူးဘက်ညီမှုကို ဖြစ်ပေါ်စေသည်။ အသင်းတော် အုပ်ချုပ်ရေး အမျိုးအစားအသီးသီးကို လေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့၏အသင်းတော်အသစ်တွင် မည်သို့သောခေါင်းဆောင်မှုဖြင့် တည်ထောင်ရမည်ကို ဆုတောင်းပြီး ဆင်ခြင်နိုင်စရာ အခွင့်အရေးကို ရမည် ဖြစ်သည်။

**(ဃ) အသင်းတော်အုပ်ချုပ်မှု လိုအပ်ရခြင်း၏ အကြောင်းရင်း (၃) ချက်**

(၁) ညီညွတ်ခြင်းကို ဖြစ်ပေါ်စေသည်

(၂) ဝိညာဉ်ရေးရာနှင့်အဖွဲ့အစည်းအတွင်း စည်းလုံးမှုကို ဖြစ်ပေါ်စေသည်။

(၃) ခေါင်းဆောင်မှုတာဝန်ကို သေချာစွာ လုပ်ဆောင်စေသည်။

အသင်းတော်အုပ်ချုပ်မှုတစ်ခုအား လေ့လာဆင်ခြင်နေချိန်တွင် အဓိကမေးခွန်းများ မေးရန်မှာ-

- လက်တွေ့အသုံးချခြင်းလား
- ထုံးတမ်းစဉ်လာအရလား
- သမိုင်းအရလား
- ယုံကြည်အားထားလောက်စရာရှိလား
- ယဉ်ကျေးမှုအားဖြင့် နားလည်နိုင်မှုရှိလား
- အရေးအကြီးဆုံးမှာ သမ္မာနည်းကျရှိရဲ့လား

အသင်းတော်အုပ်ချုပ်ရေးအရာများသည် ဓမ္မသစ်၌ ကျွန်ုပ်တို့လေ့လာရသည့် အသင်းတော်နှင့် ချိန်ညှိမှုရှိရန် လုံ့လစိုက်ရမည်။ ဤအရာသည် ကျွန်ုပ်တို့၏ အသင်းတော် နေရာနှင့် လုပ်ပိုင်ခွင့်များအတွက် အမြဲတမ်းမဖြစ်နိုင်သော်လည်း အသင်းတော်အုပ်ချုပ်မှုဖွဲ့စည်းတည်ဆောက်ပုံသည် သမ္မာနည်းကျပုံတူကူး၍ ခရစ်တော်၏တမန်တော်များနှင့် ဓမ္မသစ်အသင်း တော်မှ သွန်သင်မှုများအားဖြင့် လုပ်ဆောင်ရမည် ဖြစ်သည်။

**( င) အုပ်ချုပ်သူခေါင်းဆောင်များ၏ ဂုဏ်ပုဒ်များ၊ နေရာနှင့် ရပ်တည်ချက်များ။**

**အသင်းတော်လူကြီးများ-**

အင်္ဂလိပ်ဘာသာပြန်ကျမ်းစာများတွင် အသင်းတော်လူကြီး " Elder " အား ဘုရားသခင်မှအသင်းတော်ဦးဆောင်မှုအတွက် ရွေးချယ်ခန့်အပ်ထားကြောင်း ရည်ညွှန်းသည်။ တခါတရံအသင်းတော်ကြီးကြပ်သူ " overseer " ဟူသော အသုံးအနှုန်းသည်လည်း အသင်းလူကြီး "Elder" နေရာတွင် အသုံးပြုထားသည်။ ၁တိ ၄း၁၁- ၅း၂ တွင် ရှင်းလင်းစွာတွေ့နိုင်သည်မှာ အသင်းတော်လူကြီးများသည် အရည်အချင်းပြည့်မှီခြင်း အပေါ်အခြေခံပြီး ခန့်အပ်ခြင်း ခံရသည်။

ဝိညာဉ်ဆုကျေးဇူး၊ ရင့်ကျက်မှု၊ ညဏ်ကြီးမှု၊ စရိုက်နှင့် လွှမ်းမိုးမှု အပေါ်အခြေခံပြီး ခန့်အပ်ခြင်း ဖြစ်သည်။

မွှာသစ်တွင် တွေ့ရသည့် အသင်းတော်လူကြီးများသည် အသင်းတော်ရှင်သန်ခြင်း၏ နယ်ပယ်အသီးသီးအတွက်ဟောပြောခြင်း၊ သွန်သင်ခြင်း၊ အုပ်ချုပ်ခြင်း၊ အကြံပြုခြင်း၊ အသင်း အုပ်ခြင်း၊ ပရောဖက်ပြုခြင်း၊ အမှန်ပြခြင်း၊ လမ်းညွှန်ခြင်း၊ ပြစ်တင်ဆုံးမခြင်း၊ ထိန်းကျောင်းခြင်း၊ အုပ်စိုးခြင်း စသည့်အရာများ ပြုခဲ့သည့်နည်းတူ တာဝန်ရှိသည့်လူများ ဖြစ်ခဲ့သည်။

တမန် ၄း၃၆-၃၇---၁၁း၂၉-၃၀ အရလည်း အသင်းတော်လူကြီးများသည် မဖွယ်မရာသောအဖြစ်များကို ရှောင်ရှားနိုင်ရန် ကြိုတင်ကာကွယ်မှုအနေနှင့် အသင်းတော် ငွေကြေးရပ်များကို ချုပ်ကိုင်ကြရသည်။ ကျမ်းစာအရ ဝါကြီးသော အသင်းအုပ်သည် အသင်းတော် လူစုတွင်းတွင် အခြေခံအားဖြင့် အသင်းတော်လူကြီးများကို ဦးဆောင်ရမည်။

**အသင်းထောက်များ-**

မွှာသစ်တွင် တွေ့ရသော အခြားဝိညာဉ်ရေး ခေါင်းဆောင်မှာ အသင်းထောက် ဖြစ်သည်။ အစေခံကိုဆိုလိုခြင်း ဖြစ်သည်။ အသင်းတော်အတွင်း တိကျသေချာသော နည်းလမ်းဖြင့်အစေခံနိုင်ရန် အသင်းတော်လူကြီးများထံမှ ကိုယ်စားလှယ်အခွင့်အာဏာကို ရရှိထားသော ကျား/မ ကို ဆိုလိုသည်။ အသင်းထောက်လုပ်ငန်းစဉ်သည် ဆုကျေးဇူး တစ်ရပ်ဖြစ်ပြီး အသင်းတော်လူကြီးနှင့် အသင်းဝင် စသည့်နှစ်မျိုးသောအရာနှင့် မတူပဲ ရှင်ပေါလု ကိုယ်တိုင်ခွဲခြားသိမြင်ထားသောအရာဖြစ်သည်။ (ဖိ ၁း၁)

**တမန်တော်များ-**

တမန်တော်ဟူသောစကားလုံးအား ဓမ္မာသစ်တွင်ဝိညာဉ်ရေးရာ ခေါင်းဆောင်များ အဖြစ် အချို့သောအသုံးနှုန်းများတွင် ဖော်ပြထားသည်။ ယေရှုဤလောကထဲ သက်ရှိထင်ရှား ရှိစဉ်တွင် သူ၏အပေါင်းအပါများဖြစ်သော တပည့်တော် ၁၂ ပါးအား တမန်တော်များအဖြစ် ဖော်ပြလေ့ရှိသည်။ သို့သော် အသင်းတော်အရေးတွင် ယေဘုယအားဖြင့် အသင်းတော် လူကြီးကို ရည်ညွှန်းထားသည်။ အသင်းအုပ်အများစုသည် အသင်းတော်တစ်ပါးပါးတွင် အစေခံလုပ်ဆောင်သော အသင်းတော်လူကြီးများဖြစ်ပြီး အကယ်စင်စစ် တမန်တော် များသည် နယ်ပယ်အနံ့အပြားမှ ခရစ်တော်၏ကိုယ်ထဲ အစေခံလုပ်ဆောင်သော အသင်းတော်လူကြီးများဖြစ်ပြီး အကယ်စင်စစ် တမန်တော်များသည် နယ်ပယ်အနံ့အပြားမှ ခရစ်တော်၏ကိုယ်ထဲ၌ အစေခံလုပ်ဆောင်သော အသင်းတော်လူကြီးများဖြစ်သည်။ ထို့သို့ဖြင့် တမန်တော်များနှင့် အသင်းအုပ်များကို ခွဲခြားသိမြင်နိုင်သည်။ ပြင်ပတမန်တော် ကြပ်မတ်ရေးကောင်စီသည် အထူးသဖြင့် ပညာရှိနှင့် အတွေ့အကြုံရှိပြီးသော အသင်းတော်အတွင်းရှိ လူစုထက် သာသနာနှင့်ဂုဏ်သတင်း ကျော်ဇော်သောလူများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည်။ ထိုသူတို့၏ လုပ်ငန်းစဉ်မှာ အသင်းတော်အတွင်း ဝိညာဉ်ရေးရာ၌ ကြပ်မတ်စောင့်ကြည့်ခြင်း အသင်းတော်ခေါင်းဆောင်များအား သာသနာနှင့် အုပ်ချုပ်မှုရေးရာများ၌ အကြံပေးခြင်း အသင်းတော်၏ ရုံး၌ နေရာလစ်လပ်မှုရှိလာသည့် အချိန်တိုင်း အသင်းအုပ်ရွေးကောက်ခြင်းအမှု၌ ပါဝင်ခြင်းစသည်တို့ဖြစ်သည်။ ထိုသူတို့၏ အနေအထားသည်လည်း အသင်းအုပ်အား လိုအပ်သည့်အချိန်၌ စည်းကမ်းတကျ ထိန်းမတ်ပေးရန်ဖြစ်ပြီး သာမန်အားဖြင့် ဖြေရှင်းရန်ခက်သည့် အသင်းတော်အတွင်း

သဘောထားကွဲလွဲမှုများအား ဖြေရှင်းပေးရန် ဖြစ်သည်။ ပြင်ပြတမန်တော်ကြပ်မတ်ရေး ကောင်စီသည် အမြဲတမ်းမဟုတ်သော်လည်း အသင်းတော်တည်ထောင်ရန် စေလွှတ်ခံရသူနှင့် အသင်းတော်တည်ထောင်ခြင်းကို ကူညီသူများ အဖွဲ့နှင့်တူညီ သည်။

**တပည့်တော်စု အသင်းတော်များ-**

အချို့သော အသင်းတော်များသည် တစ်ခါတစ်ရံတွင် ဝေးလံခေါင်သီသော အရပ်၌ရှိသော ယုံကြည်သူလူစုများအပေါ် ဘိသိတ်ပေးထားသည်။ ထိုသူတို့သည် အခြား အသင်းတော်များစွာ တည်ထောင်ပြီးသောကြောင့်သော်လည်းကောင်း ထိုအသင်းတော်များ၏ ခေါင်းဆောင်များအပေါ်တွင် သူတို့၏ထင်ပေါ်ကျော်ကြားမှုနှင့် ကျယ်ပြန့်လှသော အစီအစဉ် တကျ လွှမ်းမိုးမှုကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။

ထိုကဲ့သို့သောအသင်းတော်များအား တပည့်တော်စုများဟု ခေါ်တွင်လေ့ရှိသည်။ ဤအရာများသည် ရိုဏ်းဂဏနှင့်အယူဝါဒများအား ရှုပ်ထွေးရန်မဟုတ်ပါ။ သို့သော်လည်း ဤအချင်းအရာသည် လုပ်ဆောင်မှုနှင့် လွှမ်းမိုးဩဇာညောင်းမှု၌ ပိုပြီးသာလွန်သည်။ ထိုအသင်းအဖွဲ့တို့၏ အသင်းအုပ်တို့သည် အသင်းတော်၏အသင်းအုပ်အနေနှင့်သာ လုပ်ဆောင်ခြင်းမဟုတ်ပဲ ကျယ်ပြန့်လှသော ခရစ်တော်၏ ကိုယ်အစိတ်အပိုင်း၌ တမန်တော် တပည့်တော်အနေဖြင့် လုပ်ဆောင်ကြသည်။

ဒေသဆိုင်ရာ အသင်းတော်များသည်လည်း ရပ်ဝေးမှယုံကြည်သူများ စုရုံးရာနေရာ၌ ရှိသော အသင်းအဖွဲ့များကို ဘိတ်သိတ်ပေးတတ်သည်။ အသင်းတော်များစွာကို တည်ထောင်၍ ထိုအသင်းတော် ခေါင်းဆောင်များအပေါ်၌ သူတို့၏ထင်ပေါ်ခြင်းနှင့် နိုင်နင်းစွာ လွှမ်းမိုးနိုင်မှုကြောင့်ဖြစ်နိုင်သည်။ ထိုကဲ့သို့အသင်းတော်များအား တပည့်တော်စု

များဟု ခေါ်တွင်လေ့ရှိသည်။ ဤအသုံးအနှုန်း၏ ဆိုလိုရင်းသည် သုံးပါးတစ်ဆူနှင့် ပတ်သတ်ပြီး ဂိုဏ်းဂဏဆိုင်ရာ အယူဝါဒများမှ သီးခြားဖြစ်သည်။ ထိုအသင်းအဖွဲ့ အသင်းအုပ်သည် အသင်းတော်၏ အသင်းအုပ်အနေဖြင့်သာ လုပ်ဆောင်ခြင်းမဟုတ်ပဲ ခရစ်တော်၏ကျယ်ပြန့်လှသော ကိုယ်အစိတ်အပိုင်း၌ တမန်တော်အနေဖြင့် လုပ်ဆောင်ရသောသူ များဖြစ်သည်။

**(စ) ခေါင်းဆောင်မှုတာဝန်အတွက် အသင်းတော်အုပ်ချုပ်ရေးသည် အခြေခံကျသော လိုအပ်မှုဖြစ်သည်။**

အသင်းတော်၏အသင်းအုပ်များအပါအဝင်အားလုံးသော ခေါင်းဆောင်များအတွက် အသင်းတော်အုပ်ချုပ်မှုရေးရာသည် အသင်းတော်တိုးတက်ရေးနှင့် ခိုင်မာမှုရှိဖို့ရန် အလွန်လိုအပ်သောအရာဖြစ်သည်။ ခိုင်ခံမှုနှင့် ရှင်းလင်းသောတာဝန်ယူမှုမရှိသော အသင်းတော်အုပ်ချုပ်မှုသည် အစိတ်အပိုင်း ချို့ယွင်းသော ထိန်းချုပ်နိုင်မှုမရှိသော အသင်းတော်ဖြစ်လာပြီး စွန့်စားရာကျသည့် အနေအထားဖြစ်လာသည်။ ဖွဲ့စည်းတည်ဆောက်မှုသည် အသင်းအုပ်အဖို့ အထောက်အကူဖြစ်ပြီး ထိုထက်မက ကျန်းမာရေးအတွက် လေကောင်းလေသန့်နှင့် တာဝန်ယူမှုများဖြစ်လာသည်။ တာဝန်ရှိမှုသည် အသင်းတော် ထိန်းချုပ်မှုအကြောင်းမဟုတ်ပါ။ သို့သော် တာဝန်သည်အကျင့်၊ စိတ်နေသဘောထားများအား ထိန်းသိမ်းစောက်ရှောက်ရန် ဝိညာဉ်ရေးနှင့် အသင်းတော်ဘဏ္ဍာရေး တောင့်တင်းမှုများအတွက် လုံခြုံရေး အစောင့်အရှောက်များကို ဖန်တီးခြင်းဖြစ်သည်။

### (ဆ) သာလွန်ကောင်းမွန်သော ဝိညာဉ်ရေးနှင့် အဖွဲ့အစည်းနှင့်ဆိုင်သော စည်းလုံးမှု

အသင်းတော်လူကြီးများ တပည့်တော်များကြပ်မတ်ရေးကောင်စီနှင့် အသင်းထောက်များအားဖြင့် ဖြစ်ပေါ်လာသောခေါင်းဆောင်မှုများမှ အသင်းတော်သည် အသီမှတ်ပြုခံရခြင်းနှင့် အကျိုးကျေးဇူးများကို ခံရမည်ဖြစ်သည်။ သေချာတိကျသော အစီအစဉ်နှင့် လုပ်ဆောင်မှုတိုင်းသည် အသင်းတော်၏ ရည်ရွယ်ချက်ကို ပြည့်စုံအောင်မြင်စေသည်။ တစ်လုံးတစ်ဝတည်းဖြစ်သော အသင်းတော်သည် အံ့သြလောက်စရာပင်ခိုင်ခံမှုရှိပြီး စည်းလုံးမှုမရှိသော အသင်းတော် အဖွဲ့အစည်းသည်အဆုံးတွင် လဲပြိုကျရှုံးမည်ဖြစ်သည်။ ကျမ်းစာထဲတွင် စစ်မှန်သော ခေါင်းဆောင်မှုအား နည်းလမ်းအမျိုးမျိုးဖြင့် ဖော်ပြထားပြီး အများဆုံးမြင်တွေ့ရသော တူညီမှုတစ်ခုမှာ စည်းလုံးခြင်းဖြစ်သည်။ ဖေက် ၄း၁၁-၁၆ တွင် ဖော်ပြထားသည်မှာ အသင်းတော်သည် ရည်ရွယ်ရာ ဦးတည်ချက်၌ စည်းလုံးမှုကို တည်ဆောက်တပ်ဆင်ထားပြီး စည်းလုံးခြင်းသည် ဘုရားသခင်၏ နိုင်ငံတော်ကျယ်ပြန့်ရန် အရေးကြီးသောလိုအပ်ချက် ဖြစ်သည်။

လုပ်ငန်းတာဝန်နှင့် နေရာခန့်အပ်ခြင်းအတွက် အဓိကကျသောအရာများ

- အသင်းတော်လူကြီးများသည် အတူတကွ လုပ်ဆောင်ရပြီး အတူတကွပင် ဆုံးဖြတ်ချက် ချရသည်။ (မဲနှင့်မသက်ဆိုင်)
- အသင်းတော်လူကြီးများသည် မဲနှင့်ရွေးချယ်ခြင်းမဟုတ်ပဲ ဝိညာဉ်ရေးရာ အခွင့်အာဏာကိုယ် စားပြုခံသူများ ဖြစ်သည်။
- အသင်းတော်လူကြီးများသည် အသင်းတော်အတွင်း လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ အသင်းတော်ကို အုပ်ချုပ်သူများမဟုတ် အစေခံသူများသာ

ဖြစ်သည်။ အသင်းတော်သည် သတ်မှတ်ထားသောစံနှုန်းသို့ မကြီးထွားမီတိုင်အောင် အသင်းထောက် လူကြီးများအား လိုအပ်မှု မရှိသေးပေ။

- အသင်းတော်လူကြီးတစ်ဦးစီတွင် အခွင့်အာဏာအနည်းငယ်စီသာ ရှိကြပြီး အဖွဲ့လိုက် စုစည်းမှသာ ကြီးမားပြည့်ဝသောအခွင့်အာဏာရှိမည် ဖြစ်သည်။

သင်၏အသင်းတော်အုပ်ချုပ်ရေးရာအား အတိုင်းအတာထက် ကျော်လွန်ပြီး မတည်ဆောက်သင့်ပေ။

သင်၏ အသင်းတော်အုပ်ချုပ်မှုရေးရာသည် အံ့ဩလောက်စရာ ရိုးစင်းနေနိုင်ပါလိမ့်မည်။ မည်သို့ပင်ဆိုစေ သင်၏အသင်းတော်သည် လူဦးရေအရသော်လည်းကောင်း လွှမ်းမိုးနိုင်မှုအရသော်လည်းကောင်း ကြီးထွားတိုးတက်ရန် ဘုရားသခင် အခွင့်ပေးထားပါသည်။ အသင်းတော်အုပ်ချုပ်ရေးနှင့် ဖွဲ့စည်းမှုအား လျစ်လျူရှုပါက အသင်းတော်၏ ကျန်းမာစွာ ကြီးထွားနေမှုအတွက် အတားအဆီးဖြစ်နေလိမ့်မည်။ မည်သို့သော အသင်းတော်မဆို အသင်းတော်အုပ်ချုပ်မှုရေးရာသည် လိုအပ်သောအရာဖြစ် သည်။

## ၈။ အသင်းတော် တည်ထောင်ခြင်းအဖွဲ့

### (က) ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်အတွက် အဖွဲ့များအလိုက် အသုံးပြုသည်။

- သုံးပါးတစ်ဆူသည် အဖွဲ့အစည်းပုံ ဥပမာဖြစ်သည်။
- ယေရှုခရစ်တော်သည် သူ၏ဘဝအသက်တာအား တစ်ဆယ့်နှစ်ပါးသောတပည့်များနှင့်သုံးနစ်တာ အသုံးပြုခဲ့သည်။

- ယေရှုခရစ်သည် တပည့်တော်များအား နှစ်ဦးတစ်ဖွဲ့ဖွဲ့ပြီး စေလွှတ်ခဲ့သည်။
- အဖွဲ့အစည်းသည် သမ္မာတရားကျသော ပုံသဏ္ဍာန်ဖြစ်သည်။ (တမန် ၁၃း၂)
- အိမ်ထောင်ပြုခြင်းသည် အဖွဲ့အစည်းအား ဘုရားသခင်ဘိသိတ်ပေးခြင်း ပုံဥပမာ တစ်ခုဖြစ်သည်
- သင်၏ပထမဆုံးသော အဖော်သည် သင်၏ခင်ပွန်း/ဇနီးဖြစ်သင့်သည်။

- အသင်းတော်တည်ထောင်ရန် မစတင်မီ ဇနီးနှင့်ခင်ပွန်းသည်စည်းလုံးမှု ရှိနေရမည်။
- ခင်ပွန်းသည်မိသားစု၏ ဝိညာဉ်ရေးရာဦးဆောင်သူဖြစ်ရန် ဘုရားသခင် ခန့်ထားခြင်း ဖြစ်သည်။ သင့်မိသားစု၏ဝိညာဉ်ရေးကျန်းမာရန်သင်၌ တာဝန်ရှိသည်။ ခရစ်တော်မှ သူ၏ သတို့သမီး၊ အသင်းတော်ကိုပေးဆပ်ခြင်းနှင့် ချစ်သကဲ့သို့ ခင်ပွန်းသည်လည်း ဇနီးအပေါ်ချစ်ရမည်။ (ဖေက် ၅း၂၅)
- သင်နှင့် ဘုရားသခင်အကြား၌ရှိသော ဆက်နွယ်မှုအပြင် သင်၏အိမ် ထောင်ဖက် နှင့်လည်း ရင်းနှီးဆက်နွယ်မှုရှိရန် အရေးကြီးသည်။ ခင်ပွန်း မှဇနီးကိုချစ်ရန်နှင့် ဇနီးသည်၏ ဝိညာဉ်ရေးကြီးထွားစေနိုင်သူများဖြစ်ရန် ဘုရားသခင်မှ မိန့်မှာ ထားသည်။ (ဖေက် ၅း၂၅-၂၈)
- သင်၏အိမ်ထောင်ရေးအား ရင့်ကျက်လာစေရန် နေ့စဉ်နှင့်အမျှအကူအ ညီရနိုင်သည့် အဆင့်များစွာရှိသည်။ နေ့စဉ်နှင့်အမျှပင် သင့်၏အိမ်ထောင်ရေးအား ကောင်းမွန်စေရန် သော်လည်းကောင်း ဆုတ်ယုတ်စေရန် သော်လည်းကောင်း ပြုနိုင်သည့် အခွင့်အရေး

ရှိသည်။ ဥယျာဉ်မှူးမှ သူ၏ဥယျာဉ်အပေါ် အာရုံထားလျှက် စောင့်ရှောက်သကဲ့သို့ပင် သင်၏ အိမ်ထောင်ရေးကို စဉ်ဆက်မပျက် ပြုစုပျိုးထောင်နေသင့်သည်။

ဖော်ပြပါအချက်လေးချက်အားဖြင့် သင့်အိမ်ထောင်ရေးကို တည်တံ့ခိုင်မြဲ နေစေရန် ကျင့်သုံးသင့်ပေသည်။

(၁) နေ့စဉ်အတူတကွဆုတောင်းပါ။

(၂) နေ့စဉ်သင်၏ဇနီးအား ချစ်ကြောင်းပြောပါ။

(၃) နေ့စဉ်သင်၏ဇနီးအား အကူအညီပေးပါ။

(၄) နေ့စဉ်သင်၏ဇနီးအား ရိုးသားစွာ ချီးမွမ်းပြောဆိုပါ။

**(ခ) တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်ခြင်းထက် အဖွဲ့အစည်းနှင့် လုပ်ဆောင်ခြင်းသည် အကျိုး သက်ရောက်မှုရှိသည်။**

(၁) ဆုကျေးဇူးနှင့် အရည်အချင်းများစုဝေး ရောထွေးခြင်းသည် အသင်းအဖွဲ့၏ သွင်ပြင်ဖြစ် သည်။ (၁ကော ၁၂း၄-၁၁/ ၂တိ ၄း၂၂)

(၂) အခက်အခဲ အကြပ်အတည်းကြားရောက်နေချိန်တွင် အဖွဲ့အစည်းမှ ကူညီထောက်ပံ့မှု ပေးနိုင်သည်။ (ဒေ ၄း၁၀)

- မြင်းတစ်ကောင်မှ နှစ်တန်မျှသောဝန်ကို ဆွဲနိုင်သည်။
- ထို့ကြောင့် မြင်းနှစ်ကောင်မှ လေးတန်သောဝန်ကို ပေါ့ပါးစွာ ဆွဲနိုင်သည်။
- စင်စစ်မြင်းနှစ်ကောင်အပေါ် တံပိုးတင်ပြီး ဆွဲလျှင်တစ်ဆယ့်ကိုးတန်သော ဝန်ကိုဆွဲနိုင် သည်။

(၃) 5 fold Ministry team(လက်ငါးချောင်း) သာသနာအသင်းတည်ထောင်ရန် ဘုရားသခင် ထံဆုတောင်းပြီး နည်းလမ်းရှာဖွေမည်။ (ဖေက် ၄း၁၁-၁၃)

- သာသနာပြုဆုကျေးဇူးများသည် ဘုရားသခင်၏ အစီအစဉ်ကို ဖော်ထုတ်ရန် ဖြစ်သည်။ အခြားယုံကြည်သူများအားဖြင့် လုပ်ဆောင်နိုင်သည့် ဆုကျေးဇူးထက် ပိုမိုသာလွန်သော အချိန်ပြည့်အမှုတော်ဆောင် သို့မဟုတ် ခွဲခန့်ခြင်းခံသူများဖြစ်သည်။ ဖေက် ၄း၁၁-၁၃ အား အသေအချာ လေ့လာကြည့်ပါက ယုံကြည်သူအားလုံးကိုမဆိုလို၊ 5 fold Ministry Team(လက်ငါးချောင်းသာသနာ) သာသနာဆုကျေးဇူးသည် လူအချို့ကိုသာ ရည်ညွှန်းကြောင်းရှင်းလင်းစွာတွေ့ရသည်။
- ဥပမာ- တစ်ကြိမ်တစ်ခါမျှ ပရောဖက်ပြုခြင်းကြောင့် ထိုသူအား ပရောဖက် အဖြစ်မသတ်မှတ်နိုင်ပေ။ ထို့နည်းတူ အသင်းအုပ်ဆုကျေးဇူးမခံရပဲ အသင်းအုပ်နေရာတွင် ရှိနေသူများလည်းရှိပါသည်။ သို့သော်လည်း ထိုအသင်းအုပ်တို့သည် ခေါင်းဆောင်မှုနှင့်အုပ် ချုပ်မှုပိုင်းတွင် ဆုကျေးဇူး ရထားသူများ ဖြစ်နေနိုင်သည်။
- ဆုကျေးဇူးသည် ရှင်းလင်းမြင်သာမှုရှိရမည်။ သင့်ကိုယ်သင်ပရောဖက် သို့မဟုတ် တမန်တော်စသဖြင့် ကြေငြာမောင်းခတ်ရန် မလိုပေ။ သင်၏ ဆုကျေးဇူးသည် တမန်တော် သို့မဟုတ် ပရောဖက် သို့မဟုတ် အခြားသော ဆုကျေးဇူးတစ်စုံတစ်ခုရှိနေလျှင် အခြားသူများမှ သင်၏အထဲ၌ရှိသော ဆုကျေးဇူးကို သိမြင်လာလိမ့်မည်။ အသိအမှတ်ပြုလာမည်ဖြစ်သည်။

- ဤအသိအမှတ်ပြုမှုသည် အစဉ်သဖြင့် အချိန်ပြည့်အမှုဆောင် သို့မဟုတ် ဆုကျေးဇူးခံ အဖြစ်အမည်တပ်ခြင်းမပါဝင်ပေ။ မိမိကိုယ်မိမိ ကြွေးကြော်သူများသည်လည်း မှန်ကန်နိုင်သလို မမှန်ကန်မှုလည်းဖြစ်နိုင်သည်။ ဤအချင်းအရာသည် နှစ်နှင့်ချီပြီးသုံးသပ်ရမည်။

**The Five Fold Ministry Team (ဆုကျေးဇူး)အား လက်ချောင်းများကို အသုံးပြုခြင်းဖြင့် ဖော်ပြနိုင်သည်။**

**တမန်တော် -** တမန်တော်တစ်ဦးသည် အသင်းတော်များ တည်ထောင်တည်ဆောက်၍ သူသည် အသင်းတော်တည်ထောင်သူဖြစ်သည်။ တမန်တော်တစ်ဦးသည် များပြားသောတာဝန် သို့မဟုတ် သာသနာပြုဆုကျေးဇူးများကို ပိုင်ဆိုင်နေနိုင်သည်။ သူသည် လက်မအဖြစ်မှတ်ယူနိုင်ပြီး လက်ချောင်းများတွင် အသန်မာဆုံးဖြစ်ရုံမက လက်ချောင်းအားလုံးနှင့်လည်း ထိတွေ့နိုင်သည်။

**ပရောဖက် -** ပရောဖက်ဟူသည် ဂရိဘာသာအရ ရှေ့ဖြစ်ဟောခြင်းဖြစ်ပြီး အခြားသူအတွက် ဟောပြောခြင်းဖြစ်သည်။ ပရောဖက်တာဝန်မှာ ဘုရားသခင်၏ စကားပြောခွက် (mic) အနေဖြင့် နေရာကျပြီး ဘုရား၏စကားကို ပြောဆိုရခြင်းဖြစ်သည်။ သူသည်လက်ညှိုးအဖြစ် အနာဂတ်နှင့်အပြစ်ကို ညွှန်ပြသည်။

**ဧဝံဂေလိဆရာ -** ဧဝံဂေလိဆရာသည် ယေရှုခရစ်တော်၏သက်သေခံဖြစ်သည်။ အသင်းတော်တွင် အစေခံပြီးအသင်းရှိလူများကို ခရစ်တော်၏ကိုယ်မှာ ပေါင်းစည်းစေခြင်း၌ ကျရာနေရာကို လုပ်ဆောင်သူဖြစ်သည်။ ဂီတ၊ ပြဇာတ်၊ တရားဟောခြင်းနှင့် တီထွင်ကြံဆမှုများအားဖြင့် ဧဝံဂေလိလုပ်နိုင်သည်။ သူသည်

လက်ချောင်းများတွင် အရှည်ဆုံးသော လက်ခလယ်ဖြစ်ပြီး လူအုပ်အလယ်မှာ ရပ်တည် သူဖြစ်သည်။ သူသည်သူတစ်ပါး၏အာရုံများကို ဖမ်းစားနိုင်သော်လည်း အသင်းတော်၏ကိုယ်အစိတ် အပိုင်းအဖြစ် အစေခံသူသာဖြစ်သည်။

**အသင်းအုပ် -** အသင်းအုပ်သည် သိုးထိန်းဖြစ်သည်။ မှန်သောသိုးထိန်းသည် သိုးများအဖို့ အသက်ပေးထားသူဖြစ်သည်။ အသင်းအုပ်သည် လက်သကြွယ်ဖြစ်ပြီး အသင်းတော်နှင့်လက်ထပ်ထိမ်းမြားခြင်း ကိုဆိုလိုသည်။ အသင်းတော်နှင့်နေပြီး ကြီးကြပ်ခြင်း၊ ပြုစုပျိုးထောင်ခြင်း လမ်းညွှန်ခြင်းများကို လုပ်ဆောင်ရသည်။

**ဓမ္မဆရာ -** ဓမ္မဆရာနှင့်အသင်းအုပ်သည် တာဝန်များအား ခွဲဝေလေ့ ရှိသည်။ သို့သော်အမြဲတမ်းမဟုတ်ပေ။ ဓမ္မဆရာသည် အုတ်မြစ်ချသူဖြစ်ပြီး အသေးစိတ်သောတိကျမှန်ကန်မှုကို အလေးထားသည်။ ခိုင်လုံသော သမ္မာတရား လေ့လာရာတွင် စိတ်အားထက်သန်သူဖြစ်သည်။ သူသည်လက်သန်းဖြစ်သည်။ သေးငယ်ပြီး မထင်ရှားလှသော်လည်း သာသနာအဖို့ လိုအပ်သောအရာများကို အသေအချာပုံစံချထားပြီး လုပ်ဆောင်စေသူဖြစ်သည်။ ဤလက်ငါးချောင်းကဲ့သို့သော ဆုကျေးဇူးမရှိသည့်အချိန်တွင် အသင်းတော်တည်ထောင်သူအနေဖြင့် အသင်းတွင် တစ်ခုမျှသောဆုကျေးဇူးရှိရန်နှင့် အဖွဲ့သည် ပိုမိုထိရောက်ပြီး လူတိုင်းထံချဉ်းကပ် နိုင်ရန် သေချာစေရမည်။

**(ဂ) အဖွဲ့အားလေ့ကျင့်ခြင်းသည် တပ်သားစုဆောင်းရုံမျှမက တပည့်တော်မွေးထုတ်ခြင်းဖြစ်သည်။**

(၁) အသင်းဝင်များအား ရုပ်ပုံရုံနှင့်အစီအစဉ်များကို အလေးထား ဦးစားပေးတတ်စေရန် အသင်းတော် တည်ထောင်ခြင်းရုပ်ပုံရုံအား စိမ့်ဝင်စေရမည်။

- ရှင်းလင်းမှု - ရုပ်ပုံရုံသည် မေးခွန်းထုတ်စရာမလိုလောက်အောင် အချိတ်အဆက် မိမိရေးသားသည့်အရာ ဖြစ်ရမည်။
- ထင်ရှားမှု - အများမှ လက်ခံနိုင်လောက်သည့် စစ်မှန်မှုနှင့် တွေ့မြင် ထိတွေ့ နိုင်သည့် ရုပ်ပုံရုံ ဖြစ်ရမည်။
- လိုရင်းတိုရှင်း - အများမှအလွယ်တကူနားလည်နိုင်မှုနှင့် အခြားသူများထံ ချိတ်ဆက်ပေးနိုင်လောက်သည့် အရာဖြစ်ရမည်။
- တင်းကြပ်မှု - ရုပ်ပုံရုံသည်အသင်းဝင်များနှင့် အနာဂတ်အသင်းဝင်များအား နှိုးထတက် ကြွစေရန် တင်းကြပ်မှုရှိရမည်။

(၂) သင်၏အသင်းဝင်များထံသို့ အသင်းတော်တည်ထောင်ခြင်း၏ အဖိုးတန်မှုကို စိမ့်ဝင်နေစေ ရမည်။

(က) အသင်းတော်တည်ထောင်သူနှင့် အသင်းဝင်များ၏တန်ဖိုးသည် တူညီမှု ရှိရမည်။

- တူညီသောအဖိုးတန်မှုသည် အသင်း၏စည်းလုံးမှုကို ဖြစ်စေသည်။

- တူညီသော အဖိုးတန်မှုသည် ပြဿနာများကို အကူတကွ ဖြေရှင်းနိုင်စေသည်။
- တူညီသော တန်ဖိုးရှိမှုသည်ပြဿနာနှင့် စွပ်စွဲမှုများကြား၌လည်း တည်ငြိမ်စေသည်။

(ခ) သင်၏ဘုရားသခင်နှင့် လျှောက်လှမ်းခြင်းအနက်၏ တန်ဖိုးနှင့် အသင်းတော်တည်ထောင်မှုအနက်၏ တန်ဖိုးများကို သင်ကြားပေးရမည်။

- ထိုတန်ဖိုးကို သင်၏အိမ်တွင် ပုံဖော်ကျင့်သုံးပါ။
- လူအုပ်ထဲတွင် ပုံဖော်ကျင့်သုံးပါ။
- သင်၏ အသင်းဖွဲ့ကိုလည်း သူတို့၏နေ့စဉ် အသက်တာထဲ ပုံဖော်ကျင့်သုံးစေပါ။

(ဂ) အချိန်နှင့်ခွန်အားသည် တပည့်တော်ဖြစ်ခြင်းတောင်းဆိုမှု ဖြစ်သည်။

- တပည့်တော်ဖြစ်ခြင်းသည် ပုံစံပေးပြီးညွှန်ကြားခြင်း မဟုတ်ပါ။ သို့သော်ရင်းနှီးဆက် နွယ်မှုအားဖြင့် ကြီးထွားမှုဖြစ်စဉ်ဖြစ်သည်။
- ခရစ်တော်သည်သူ၏ အချိန်ခွန်အားနှင့် လုံ့လအားလုံးကို တပည့်တော်(၁၂)ပါးထံ သုံးနှစ်တာမျှ ရင်းနှီးမြုပ်နှံခဲ့သည်။
- လူအချို့သည် အခြားသူများထက်ကြီးထွားမှု မြန်ဆန်ကြသည်။ ရင့်ကျက်ကြသည်။ လူအားလုံးတို့သည် တစ်စုံတစ်ရာဖြစ်တည်လာရန် အချိန်နှင့် ခွန်အားကိုလိုအပ်သည်။

- သင်၏ အသင်းအဖွဲ့အား လေ့ကျင့်ပျိုးထောင်ရာတွင် အချိန်ကို ကန့်သတ်ပြီး အသုံးပြုလျှင် စိတ်ပျက်ဖွယ် ရလဒ်များသာ ထွက်ပေါ်လာလိမ့်မည်။
- လူတို့အားသူတစ်ပါးကို ကူညီပေးတတ်သူများ ဖြစ်စေရန် ဝိညာဉ်ရေးရာကြီးထွား ရင့်ကျက်မှုနယ်ပယ်တစ်ခုဆီသို့ လမ်းညွှန်ရမည်။
- လူတို့၏အရည်အသွေး၊ ကျွမ်းကျင်မှု၊ အသိပညာများကို ဖော်ထုတ်ပေးပြီး မည်သည့်အရာကို အလေးသာသည်ကို သိရန်ကူညီပေးပါ။ ထိုနောက်ကိုက်ညီသည့်နေရာတွင် နေရာချပေးရမည်။
- လူတို့၏ အားသန်မှုကို အာရုံစိုက်ပြီးသူတို့၏ အားသန်မှုအားဖြင့် အောင်မြင်ကြီးထွားလာစေရန် ကူညီပေးရမည်။
- တပည့်တော်ဖြစ်ခြင်းဖြစ်စဉ်တွင် အဆိုးအပြစ်ကို ပြည့်ှန်ပါ။ အရည်အချင်း အသိပညာ ဗဟုသုတများ ကြွယ်ဝသော်လည်း ရိုးသားဖြောင့်မတ်ခြင်းမရှိလျှင် ကျရှုံးခြင်းဖြင့်သာ အဆုံးသတ်ရလိမ့်မည်။
- နေရာမှန်လူမှန်ရှိခြင်းသည် အသင်းအဖွဲ့တည်ဆောက်ရာတွင် အခြေခံကျသော လိုအပ်ချက်ဖြစ်သည်။ လူတို့၏နေရာချထားရေးအားဖြင့် အသင်း၏ရွေ့လျားမှုသည် ပြောင်းလဲနေမည်ဖြစ်သည်။ Dr. John Maxwell၏အသင်းတည်ထောင်ခြင်းနှင့် နေရာချထားရေးမှ အောက်ပါဖော်ပြပါအချက်အလက်များကို ပြန်လည်ဆန်းစစ်နိုင်သည်

- မလိုအပ်သည့်နေရာတွင်ရှိနေသော မမှန်သည့်လူ= ယိုးယွင်းပျက်စီး လာလိမ့်မည်။
- လိုအပ်သည့်နေရာတွင် ရှိနေသောလူမှား = အချည်းနှီးဖြစ်ပြီး သင်စိတ်ပျက် ရလိမ့်မည်။
- မလိုအပ်သည့်နေရာတွင် ရှိနေသောလူမှန် = ရှုပ်ထွေးခြင်းဖြစ်ပြီး အဘယ်ကြောင့် ဤနေရာတွင်ရှိနေကြောင်း မသိဖြစ်လိမ့်မည်။
- လိုအပ်သည့်နေရာတွင် ရှိနေသောလူမှန် = တိုးတက်ခြင်းရှိပြီး အောင်မြင်မှုနှင့် ရှေ့ကိုတက် လှမ်းနိုင်လိမ့်မည်။
- နေရာမှန်လူမှန်= အများနှင့်တိုးတက်ပွားများမှု အရှိန်အဟုန်ကို ဆောက်တည်နိုင်လိမ့်မည်။

## ၉။ ဝိညာဉ်ရေးရာတိုက်ပွဲနှင့် ဖော်ဆောင်ပြုခြင်း

**(က) ဝိညာဉ်ရေးရာတိုက်ပွဲနေရာယူလိမ့်မည်။ ဖေက် ၆း၁၂**

(၁) ဘုရားသခင်၏ လူကြီးပမ်းမှုနှင့် ဘုရားသခင်၏အကြံအစည်ကို ရန်သူတားဆီး လိမ့်မည်။ မာကု ၃း၂၇

(၂) များစွာသောစစ်မြေပြင်များ၌ ဝိညာဉ်တိုက်ပွဲသည် သက်ရောက်မှု အကျိုး အဆက် ရှိလိမ့်မည်။

**သင်ရဲ့ကိုယ်ပိုင်ဘဝအသက်တာ (ယာကုပ် ၄း၇)**

- ရန်သူကိုသိုးသူငယ်၏ အသွေးတော်အားဖြင့် အောင်မြင်ခြင်းနှင့် ကျွန်ုပ်တို့၏သက်သေဖြစ်တော်မူသော နှုတ်ကပတ်တော်။ ဗျာဒိတ် ၁၂း၁၁
- ခရစ်တော်ထဲ၌ရှိသော အခွင့်အာဏာရာထူးအားဖြင့်။ ဖေက် ၁း၂၀-၂၁၊ ၂း၆၊ ကောလော သဲ ၂း၁၃-၁၅၊ လုကာ ၁၀း၁၇၊ မသဲ ၂၈း၁၈
- ယုံကြည်ခြင်း၏ဒိုင်းလွှားနှင့် ဝိညာဉ်တော်ဓားအားဖြင့်။ ဖေက်၆း၁၆၊ ၁ပေ ၅း၉၊ မသဲ ၄း၄၇၊ ၁၀
- အတွေးအခေါ်များ ထိန်းချုပ်ခြင်းနှင့် ထိုအတွေးအခေါ်တွေကို ဆက်ကပ်အပ်နှံခြင်းထံသို့ ဆောင်ယူလာခြင်းအားဖြင့်။ ရောမ ၁၂း၂

**အမျိုးမျိုးသော တန်ခိုးများ၏အဆင့်များနှင့် အမျိုးမျိုးသောနေရာများ**

- ပေရသိဘုရင်ကိုခုခံရန် ကာဗေလသည် မိက္ခေလ၏အကူအညီကို လိုအပ်ခဲ့သည်။ ဒံယေ လ ၁၀း၁၁-၂၁
- ဝိညာဉ်ရေးရာတန်ခိုး၏နေရာများသည် နယ်မှ မြို့၊ ရွာ၊ တစ်ဦး တစ်ယောက်အထိဖြစ်သည်။ ထိုအရာများကို ကောင်းစွာထုတ်ဖော် ဖြေရှင်းပေးတတ်ဖို့ လိုအပ်သည်။ (ဖေက် ၆)
- ဝိညာဉ်ရေးရာများကို ခွဲခြားသိမြင်တတ်သော ဉာဏ်ပညာ ဘုရား ပေးရန်နှင့် သန်မာသော လူဖြစ်ရန် ဆုတောင်းပါ။ ၂ကော ၁၀း၄

**(ခ) သင်၏နေရာကိုသိပါ (သို့) ဇာတ်ဝင်ခန်းများကို ... တိုးချဲ့ပါ။ လုကာ ၁၀း၈**

(ခ) **သင်၏နေရာကိုသိပါ (သို့) ဇဝ်ဂေလိနယ်မြေများကို တိုးချဲ့ပါ။ လုကာ ၁၀း၈**

- မည်သည့်အသင်းတော်မှ မရှိသောနေရာများ
- လွှမ်းမိုးမှု နည်းဗျူဟာရှိနိုင်သောနေရာများ
- မြို့ (သို့) ပတ်ဝန်းကျင်တခုလုံးကို မြင့်မြင့်မားမား အကျိုးသက်ရောက်မှု ပေးနိုင်သော နေရာများ

**(ဂ) အမှန်တစ်ကယ်လိုအပ်သောနေရာကို ရှာဖွေပါ။**

- အမြင့်ဆုံးသော ဆင်းရဲမှုရှိသောနေရာများ
- အမြင့်ဆုံးသော ကိုယ်ခန္ဓာပျက်စီးဆုံးရှုံးသောနေရာများ
- အမြင့်ဆုံးသော ဖျားနာခြင်း၊ ဆင်းရဲမွဲတေမှု၊ အမေ့ခံလူတန်းစားများ
- ဝိညာဉ်ရေးရာ အမှောင်ကျသောနေရာများ
- မိမိကိုယ်ကိုယ်မသိသောသူ၊ အကူအညီမလိုအပ်ကြောင်း ထင်မြင်ခြင်းရှိသော နေရာများ
  - ချမ်းသာကြွယ်ဝသော ပတ်ဝန်းကျင်များ
  - လူတန်းစား ခွဲခြားခြင်းရှိသော ပတ်ဝန်းကျင်များ
  - အစိုးရဝန်ထမ်းများ (သို့) နိုင်ငံရေးသမားများရှိသော နေရာပတ်ဝန်းကျင်များ

**(ဃ) ဧဝံဂေလိမထိုးဖောက်ရသေးသောနေရာကို အရင်ဆုံးသွားပါ။ ရောမ ၁၅း၂၀**

- ခရစ်တော်သည်ပျောက်သောသူတို့ကို ကယ်တင်အံ့သောငှာကြွလာခဲ့သည်။
- ရှင်ပေါလုသည် သွားရမည့်နေရာကို ရှင်းလင်းစွာသိရှိပြီး ဘယ်သူမျှမသွားဖူးသော နေရာကို သွားခဲ့သည်။

- ပျောက်ဆုံးသောသူတွေကို ရိတ်သိမ်းဖို့ အဆင်သင့်ရှိသောနေရာကို သွားပါ။

**(င) ကိုယ်ရှိသောနေရာမှစ ကမ္ဘာမြေဆုံးထိတိုင် (တမန်တော် ၁း၈)**

**(စ) တိကျမှန်ကန်သောနေရာ၊ နယ်မြေအတွက်ဆုတောင်းအစာရှောင်ပါ။ ယောရှု ၁း၃**

- ဝိညာဉ်ရေးရာကို ဆန့်ကျင်သော ခြေကုပ်စခန်းများအတွက် ဆုတောင်းပါ။
- ကိုယ်သွားမည့်နေရာတွင်ရှိနေသော လူတွေအတွက် ကောင်းချီးပေးဆုတောင်းပါ။
- ဧဝံဂေလိတရားကို လက်ခံသောနှလုံးသားရရှိရန် ဘုရားသခင်ထံဆုတောင်းပါ။ မဿဲ ၁၇း၁၁-၁၃၊ လုကာ ၁၀း၅-၉

**(ဆ) သတ်မှတ်သောနယ်မြေအတွင်းရှိသော မယုံကြည်သူများကို ဧဝံဂေလိဝေငှပါ။**

- သင်နှင့်သင့်အဖွဲ့မှခရစ်တော်၏ချစ်ခြင်းမေတ္တာကိုဝေငှပါ။
- လူတွေအား ချစ်ခြင်း၊ ကြင်နာသနားခြင်းနှင့်ချဉ်းကပ်ပါ။ ဘယ်သောအခါမျှ မတရားမစီရင်ပါနှင့်။
- သက်သေခံပါ။ သင့်အသက်တာတွင် ဘုရားသခင်၏ ရွေးနှုတ်ကယ်တင်ခြင်း အကြောင်းကို ပြောပါ။ ရောမ ၁၅း၁၈
- ယခင်ကခရစ်တော်ရှေ့၌ သင်သည်အဘယ်သူဖြစ်ကြောင်း၊ ယခုခရစ်တော်ရှေ့တွင် သင်သည်အဘယ်သူဖြစ်ကြောင်း ရှင်းပြပါ။
- ခရစ်တော်သည်မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ လက်ခံခြင်းနှင့် ရွေးနှုတ်ကယ်တင်ခြင်းကို သူတို့အသက်တာကို ပြုလုပ်နိုင်ကြောင်း ပြပေးပါ။

**(ဇ) လူတွေတွက်ဆုတောင်းပေးပါ။ ယောဟန် ၁၄း၁၂၊ မဿဲ ၁၀း၈**

- ခရစ်တော်တစ်ပါးတည်းသာလျှင် လမ်းခရီးဖြစ်သည်။ ယောဟန် ၁၄း၆

- ပျောက်သောသူနောင်တရရန်၊ ခရစ်တော်သည်သခင်ဖြစ်ကြောင်း ဝန်ခံရန်နှင့် ဘုရားရှင် ထံမှာ ဆက်ကပ်အစေခံရန် ဆုတောင်းပါ။

**(ဈ) ဧဝံဂေလိလုပ်ဆောင်ခြင်းထက်ကျော်လွန်ပြီး လူတွေကိုပြောင်းလဲ၍ ရသော အခြေအနေတွင်ရှိစေပါ**

- အသင်းတော်ထံသို့လာရန် ဖိတ်ခေါ်ပါ။
- ပုဂ္ဂိုလ်ရေးရာခင်မင်မှု ဆက်ကပ်ရှင်သန်ရန် သူတို့ကိုဖိတ်ခေါ်ပါ။
- လူတွေသည် ဆက်ဆံရေးအမှန်ကို ရှာဖွေနေပါသည်။
- ဖြစ်နိုင်လျှင် ယုံကြည်သူအသစ်များအား ကျမ်းစာပေးပါ။
- ယုံကြည်သူ၏နောက်ထပ်ခြေလှမ်းဖြစ်သော တပည့်တော်ဖြစ်ခြင်းသို့ ယုံကြည်သူသစ် များအား ပါဝင်စေပါ။
- ယုံကြည်သူအသစ်များအား ခရစ်တော်ကိုသူတို့အသက်တာ၌ မည်သို့ယုံကြည်ကြောင်း သူတစ်ပါးအား ပြောပြစေပါ။ (ရောမ ၁း၁၆)

## ၁၀။ ယုံကြည်သူအသစ်များကို တပည့်တော်ဖြစ်ခြင်းဖြစ်စဉ်နှင့် ဆက်နွယ်စေပါ

**(က)** အသင်းတော်တည်ထောင်သူသင်းအုပ်နှင့်အတူ ပါဝင်သူအသင်းအဖွဲ့၏ အတွေ့ အကြုံများအပေါ်အခြေခံပြီး ယုံကြည်သူအသစ်များကို ယခုပင်တပည့်တော် ဖြစ်စေရန် ကြိုးပမ်းရမည်။

**(ခ)** အဖွဲ့သည် ယခင်က တစ်ဦးနှစ်ဦးမျှရှိခဲ့လျှင်လည်း ယခုယုံကြည်သူ တပည့်တော် အသစ်များသည် တပည့်တော်ဖြစ်ခြင်းအရာကို လက်ခံသကဲ့သို့ သင်၏ပထမ အဖွဲ့ဝင်များ ဖြစ်လာလိမ့်မည်။

**(ဂ)** တပည့်တော်ဖြစ်လေ့ကျင့်နေစဉ်အတွင်း ယုံကြည်သူအသစ်များအား ၄င်းတို့ သင်ကြား ခံယူသည့် အရာမှ လက်တွေ့ကျင့်သုံးတတ်စေပါ။

(၁) သင်ကြားထားသည့်အရာကို ပုံဖော်ပြသပြီး လက်တွေ့လုပ်ဆောင်စေပါ။ (မဿဲ ၄း၁၉)

ဥပမာ- ဧဝံဂေလိပြုခြင်း

- သူတို့စောင့်ကြည့်သည့်အတိုင်း ရှင်းလင်းထင်ရှားစေပါ။
- အတွေ့အကြုံရှိစေရန် အတူတကွလုပ်ဆောင်ပါ။
- သင်မှကူညီစောင့်ကြည့်နေစဉ်တွင် လွတ်လပ်စွာလုပ်ဆောင်စေပါ။
- သူတို့၏ကိုယ်ပိုင်နည်းလမ်းနှင့် လုပ်ဆောင်ရန်အခွင့်ပေးပါ။

(၂) သင်၏ရုပ်ပါရုံ ဖော်ပြချက်နှင့် တန်ဖိုးရှိမှုအားဖြင့် သင်ကြားပေးရမည်။ အသင်းတော်အတွက် အသုံးဝင်မှုများသည် တပည့်တော်ဖြစ်ခြင်းအရာအား တည်ဆောက်လမ်းညွှန်မှုကို အကူအညီဖြစ်စေသည်။

- ကိုယ်တိုင်ကျမ်းစာအားမည်ကဲ့သို့ ဖတ်ရမည်ကို သွန်သင်ပါ။
- သမ္မာနည်းလမ်းတကျကျမ်းစာလေ့လာပြီး ဆုတောင်းတတ်ရန် သွန်သင်ပါ။
- ဘုရားနှင့်စကားပြောတတ်ရန်သွန်သင်ပါ။ (မဿဲ ၆း၅-၁၃)

- ဆယ်ဖို့တစ်ဖို့အားဖြင့် ဘုရားသခင်ကို အရိုအသေပြုခြင်းသည် မည်မျှ အရေးကြီး အသုံးဝင်ကြောင်း သွန်သင်ပါ။
- ဦးဆောင်ရန်၊ နည်းပေးရန်နှင့် ခွန်အားပေးရန် သင်ကြားခြင်း အခွင့်အရေးများကို အသုံးချပါ။

**(ဃ)** တပည့်တော်ဖြစ် လုပ်ငန်းစဉ်အား အဆုံးကကြိုတွေးလျှက် အစပြုပါ။ ဝိညာဉ်ရေး ရင့်ကျက်သူအနေနှင့် မည်သည့်အရာများအား ပိုင်းခြားသိမြင်လာကြောင်း သုံးသပ်ပါ။ ထိုသူသည် မည်ကဲ့သို့သောသူဖြစ်သည်ကိုလေ့လာပါ။ ဤအရာမှ လုပ်ငန်းစဉ် စတင် တည်ထောင်ခြင်းသည် သင်၏ယုံကြည်သူအသစ်များအား နငယ်ခြင်းမှ ရင့်ကျက်ခြင်းသို့ လမ်းညွှန်မှုပြုရာတွင် သင့်အားအကူအညီဖြစ်စေသည်။ ထို့အပြင်သင်၏ အသင်းတော် အတွက် ကုံလုံပြည့်စုံသော တပည့်တော်မွေးထုတ်ခြင်း လုပ်ငန်းစဉ်အား လုပ်ဆောင် ရာတွင် ဘုရားသခင်၏လမ်းပြမှုကိုလည်း ရှာဖွေတောင်းလျှောက်ရမည်ဖြစ်သည်။ လုပ်ငန်းစဉ်/ဖြစ်စဉ်အား တတ်နိုင်သလောက် မကြာခဏပြန်လည်ဆွေးနွေး ပြောဆို ရမည်။

(၁) တပည့်တော်များနှင့် အသင်းတော်များ ပြန်လည်မွေးထုတ်ခြင်း၊ တည်ထောင် ခြင်းသည် အသင်းတော်တိုင်းတွင် နလုံးသွင်းထားသင့် သည့်အရာဖြစ်သည်။ ဘုရားသခင်မှအာဒံအား အုပ်စိုးခြင်း အခွင့်အာဏာ ပေးခဲ့ပြီး ဘုရားသခင်နှင့် အာဒံပြုသော ပဋိညာဉ်၌လည်း တိုးပွားခြင်းရပ်တည်ချက်နှင့် အနေအထား သည် တောင်းဆိုချက်ဖြစ်သည်။ အသင်းတော်များနှင့် ယုံကြည်သူများသည် ဤအာဏာစက်မှ လွတ်ကင်းခွင့်မရှိပါ။

(၂) သင်သည် လုပ်ငန်းစဉ်အား ထပ်ခါထပ်ခါ ပြန်လှန်သတိချပ်၍ အခြားသူများကိုလည်း ထိုနည်းတူ စွာလုပ်ဆောင်စေရန် လေ့ကျင့် ပေးသကဲ့သို့ပင် လတ်ဆတ်သစ်လွင်သောရှုပါရုံ၊ ညဏ်ပညာနှင့် ဦးတည်ချက်အတွက် သင်သည် ဘုရားသခင်ကို ရှာခြင်းအရာအား သေချာစေရမည်။ တပည့်တော်မွေးထုတ်မှု လုပ်ဆောင်နေစဉ်တွင် ခေါင်းဆောင်သစ်များအား ဦးဆောင်တတ်ရန်နှင့် ရင်ကျက်မှုရှိလာစေရန်အလို့ငှါ ဦးဆောင်ခွင့်ပြုဖို့ရန် လိုအပ်သည်။ သင် တင်မြှောက်ပြီးအခွင့်ပေးထားသော ခေါင်းဆောင်သစ်များသည် သင်၏အသင်းတော် အရှိန်အဝါအား ညှိုးနွမ်းစေနိုင်သည်လည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ ဘုရားသခင်၏ အကြံအစည်ထဲ၌ အောင်မြင်စွာ လုပ်ဆောင်သူများနှင့် အတူတကွ ဝမ်းမြောက်ရန်ဖြစ်သည်။

(၃) ပြန်လည်မွေးထုတ်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်းဖော်ဆောင်မှုအား တမန်တော်ရှင်ပေါလုမှ မျိုးဆက်(၄)ဆက် သို့မဟုတ် ထိုထက်ပိုသော မျိုးဆက်လက်ဆင့်ကမ်းပုံဖြင့် ခွန်အားပေးထားပါသည်။ (၂ တိ ၂း၂)

- ရှင်ပေါလု (ပထမမျိုးဆက်)မှ တိမောသေ (ဒုတိယမျိုးဆက်)
- တိမောသေမှ သစ္စာနှင့် ပြည့်စုံသူများ (တတိယမျိုးဆက်)
- သစ္စာနှင့်ပြည့်စုံသူများမှ အခြားသူများထံ (စတုတ္ထမျိုးဆက်)

(၄) လုပ်ငန်းစဉ်(ဖြစ်စဉ်) ပြန်လှန်ထုတ်ဖော်ခြင်းနှင့် ပြန်လည်မွေးထုတ်ခြင်းအတွက် လက်တွေ့ကျသော အကြောင်းရင်းခံများ

- အသင်းတော်အသစ် တည်ထောင်ခြင်းသည် အကျိုးသက်ရောက်မှု အရှိဆုံးသော ဧဝံဂေလိ ပုံစံ ဖြစ်သည်။ မှတ်တမ်းများအရကြည့်သော် ဧဝံဂေလိသင်တန်းများတွင် လူအများတို့သည် စိတ်ပါဝင်စားစွာ ခံယူကြသော်လည်း ၈၀ ရာခိုင်းနှုန်းသောလူတို့သည်အသင်းတော်နှင့် ဆက်သွယ်ထိတွေ့မှု မရှိသဖြင့် ယုံကြည်ခြင်းမှ ပြန်လည်ယုတ်လျော့ သွားကြသည်။ ထို့ကြောင့် ဧဝံဂေလိအားသန်သော အသင်းတော်သည် အကျိုးသက်ရောက်မှု အရှိဆုံးသော ဧဝံဂေလိပုံစံဖြစ်သည်။
- အသင်းတော်သစ်သည် လိုအပ်နေသူများကို သင့်တော်ရာအကူအညီ ပေးနိုင်သည်။ အသင်းတော်များသည် သတင်းကောင်းကြွေးကြော်ရန်၊ ချုပ်နှောင်ခံသူများကို လွတ်မြောက်ခြင်းပေးရန်နှင့် အဖိစီးခံသူများကို ကူညီရန်ဖြစ်သည်။ (လုကာ ၄း၁၈-၁၉) လူမှုအကျိုး ဆောင်ရွက်ရေးနှင့်ဆိုင်သော ဧဝံဂေလိသည် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်သော်လည်း ခရစ်တော်၏သတင်းကောင်းအား ကြွေးကြော်ရန် လိုအပ်မှုကို ဖယ်ထား၍ မရပေ။ လူတို့၏ဝိညာဉ်ရေးရာသည် အရာအားလုံးထက် ပို၍အရေးကြီးပါသည်။
- အသင်းတော်တည်ရှိခြင်းသည် အခြားအသင်းတော်အသစ်များကို အထောက်အမနှင့် တည်ငြိမ်ခိုင်ခံမှုကိုပေးသည်။ အသင်းတော်အသစ် တည်ထောင်သည်နှင့် ချက်ချင်းပင် အခြားအသင်းတော်သစ် စတင်ဆောင်ရွက်ရန်နှင့်

ဘုရားသခင်၏နိုင်ငံတော်အဖို့ အထောက်အမနှင့် သန်မာကြံ့ခိုင်ရာနေရာအဖြစ် နေရာချခံထားပြီ ဖြစ်သည်။

- ဦးဆောင်မှုအသင်း တည်ရှိခြင်းသည် ဆုတောင်းခြင်းအထောက်အပံ့၊ ညဏ်ပညာနှင့် အသင်းတော်အသစ် တည်ထောင်ရန် အကြံပြုချက်ကို ပေးနိုင်သည်။ လောကတွင်ရပ်တည်နိုင်ရန် မိဘမှသားသမီးကို လေ့ကျင့် ပျိုးထောင်သကဲ့သို့ အသင်းတော်အသစ်သည်လည်း လမ်းညွှန်မှုနှင့် အထောက်အပံ့ရ ရန်ရှိနှင့်ပြီးသော အသင်းတော်အပေါ် မှီခိုအားထားနိုင်သည်။ အခြေခံအားဖြင့်အသင်းတော်အားလုံးတို့သည် အသင်းတော်အသစ်များအတွက် ဝိညာဉ်ရေးမိဘများဖြစ်ရန် ပြင်ဆင် ထားသင့်ပေသည်။
- အသင်းတော် ပြန်လည်မွေးထုတ်ခြင်းသည် ဝိညာဉ်ရေးနယ်ပယ်တွင် စိတ်အား ထက်သန်မှုနှင့် စိတ်ပါဝင်စားမှုကို လှုံ့ဆော်ပေးသည်။ လူတို့သည် အသစ်သောအရာများကို စိတ်ပါဝင်စားကြပြီး ခရစ်တော်၏ နောက်လိုက် များအနေနှင့် အထူးပင်မှန်ကန်ပေသည်။ အသင်းတော်အသစ် တည်ထောင် ခြင်းသည် လူအဖွဲ့အစည်းကို လန်းဆန်းစေပြီး ဝိညာဉ်ရေး လေထု ပြောင်းလဲမှုကို လှုံ့ဆော်ပေးလိမ့်မည်။
- အသင်းတော် ပြန်လည်မွေးထုတ်ခြင်းသည် ထပ်ပေါင်းခြင်းထက ကြီးထွားမှု၌ ပို၍အကျိုးသက် ရောက်မှုရှိသော တိုးပွာများပြားမှုကို ဖြစ်စေသည်။ တိုးပွားများပြားခြင်းသည် ကျွမ်းကျင်နီးကြား တက်ကြွသော ချဉ်းကပ်မှုမှလာပြီး

အရှိန်ဩဇာတိုးတက်ရန် နည်းလမ်းကို ရှာဖွေခြင်းဖြစ်သည်။ ပြန်လည်မွေးထုတ်ခြင်းသည် အဖွဲ့ဝင်များအားလုံးမှ ခရစ်တော်အဖို့ သူတို့၏ ဩဇာရှိမှုကို ခံယူသိမှတ်ရန် အားပေးလှုံ့ဆော်မှုကို ခံရသည့်အချိန်တွင် ပိုမိုလွယ်ကူလိမ့်မည် ဖြစ်သည်။

## ၁၁။ အသင်းတော်တည်ထောင်ခြင်းလှုပ်ရှားမှုများ၏ အဓိကကျသောအချက်(၁၀)ချက်

အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆုတောင်းခြင်း -

ခေါင်းဆောင်၏ စိတ်အားထက်သန်စွာ ဆုတောင်းခြင်း အသက်တာသည် ပြောင်းလဲခြင်းခံရပြီး အသစ်သောခေါင်းဆောင်များကိုလည်း သွန်သင်နေခြင်းဖြစ်သည်။ ဆုတောင်းခြင်း သည် ဘုရားသခင်ထံမှ တန်ခိုးအရင်းအမြစ်ဖြစ်သည်။ ဆုတောင်းခြင်းမရှိလျှင် ဦးဆောင်သူများသည် အဆုံးတွင်ကျရှုံးပြီး အသင်းတော်များသည်လည်း ပျက်စီးလိမ့်မည်။

(၂) သတင်းကောင်း၏ကြွယ်ဝသောမျိုးကြဲခြင်း -

ဧဝံဂေလိသည် အရာအားလုံးပြီးဆုံးသည့်အထိ လုပ်ဆောင်တည်ရှိနေရမည် ဖြစ်သည်။ အသက်တာပြောင်းလဲစေသည့် သတင်းကောင်းတန်ခိုးသက် သေများကို မယုံကြည်သူများထံသို့ ဝေငှရမည်။ ဘုရားသခင်၏ကောင်းမြတ်ခြင်း၊ အထောက်အပံ့၊ ကျန်းမာခြင်း၊ ခွန်အားပေးခြင်းနှင့် သွန်သင်ခြင်းသက်သေများသည် ယုံကြည်သူနှင့် မယုံကြည်သူနှစ်မျိုး စလုံးကို ခွန်အားဖြစ်စေမည်ဖြစ်သည်။ ဤအရာများသည် ဘုရားသခင်နှင့်

လူတို့အတွက်အခြေခံစနစ်ကျသော အပြန်အလှန် အကျိုးသက်ရောက်မှုအတွက် သက်သေဖြစ်သည်။

(၃) ရည်ရွယ်ချက်ရှိခြင်း -

အသင်းတော်များသည် ရည်ရွယ်ချက်ရှိရှိနှင့် ဆင်ခြင်စဉ်းစားပြီး တည်ထောင်သောလုပ်ဆောင်သော အသင်းတော်ဖြစ်သည်။ အသင်းတော်တည်ထောင်ခြင်း လှုပ်ရှားမှုများသည် ဒေါင့်စေ့ကျွမ်းကျင်မှုနှင့် ချဉ်းကပ်လုပ်ဆောင်မှုများအားဖြင့် စတင်စေပြီး တည်မြဲနေစေသည်။ အစီအစဉ်နှင့်နည်းဗျူဟာ နောက်လိုက်ပြီး အသက်ရှင်သောရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ဖြစ်ရန် ခေါင်းဆောင်သစ်များပျိုးထောင်ခြင်း၊ နယ်ပယ်အသစ်များကို ပစ်မှတ်ထားခြင်း၊ အသင်းတော်အသစ်များ စတင်လုပ်ဆောင်ခြင်းများကို လိုအပ်သည်။

(၄) သမ္မာတရားကျသောအခွင့်အာဏာ -

ကျမ်းစာသည်ခံယူချက်၊ အလုပ်နှင့်အသက်တာအား ခိုင်မာစွာ လမ်းညွှန်ပေးသည့် အရာဖြစ်သည်။ ကျမ်းစာသည်အကဲ့ရာဖြစ်သည်။ သမ္မာကျမ်းမှ လမ်းလွဲသွားလျှင် ချို့တဲ့ပျက်စီးခြင်း၊ အယူလွဲခြင်းနှင့် ကျရှုံးခြင်းများ ကြုံရမည်ဖြစ်သည်။

(၅) ကိုယ်ပိုင်ခေါင်းဆောင်မှု -

တည်ထောင်ပြီးသော အသင်းတော်တိုင်းသည် တိုးတက်ကြီးထွားမှုနှင့်တကွ ခေါင်းဆောင်များ ပေါ်ထွက်လာရမည်။ အခြားသူများကို ကောင်းမွန်စွာဦးဆောင်နိုင်ရန် ရှေးဦးစွာ မိမိကိုယ်မိမိ ဦးဆောင်နိုင်ရန်ဖြစ်သည်။

(၆) ခိုင်မာသည့်အခြေခံခေါင်းဆောင်မှု -

အသင်းဝင်အားလုံးသည် သတင်းကောင်း၏ အရေးပါသော လူများဖြစ်သည်။ လောကီနှင့် ဘာသာတရားပိုင်းခြားထားခြင်းမရှိပေ။ ဇယား ၄ တွင်ဖော်ပြထားသည်မှာ အားလုံးတို့သည် သာသနာအလုပ်ဖို့ တပ်ဆင်ခြင်းခံသူများဖြစ်သည်။ အားလုံးတို့သည် အချိန်ပြည့် သာသနာပြုသူများဖြစ်သည်ဟု မဆိုလိုပေ။ တစ်နည်းဆိုသော် လူအားလုံးတို့သည် မိမိသြဇာ သက်ရောက်ရာနယ်ပယ်အတွင်း သာသနာပြုသူများ ဖြစ်သင့်ပေသည်။ ဤသို့သော လုပ်ဆောင်မှုအားဖြင့် အသင်းတော်အား လျှင်မြန်စွာတိုးတက်ပွားများစေမည် ဖြစ်သည်။

(၇) အခန်းကျဉ်း သို့မဟုတ် အိမ်တွင်းအသင်းတော်များ -

အသင်းတော်သည် အဆောက်အဦးကြီးများအား မဆိုလိုပါ။ အသင်းတော်များသည် ဧဝံဂေလိတွင်အခြေတည်ရမည်။ အများစုသောသာသနာလုပ်ရှားမှုများသည် အဆောက်အဦး သို့မဟုတ် စုဝေးရာနေရာဒေသ၏အပြင်ဖက်တွင်သာ ဖြစ်ပွားလေ့ရှိသည်။ ဧဝံဂေလိ လှည့်လည်ဟောပြောခြင်းသည် သခင်ယေရှု၏ထင်ရှားသည့် လုပ်ဆောင်ဖော်ပြချက်ဖြစ်ပြီး မဟာစေခိုင်းချက်၏ လက်တွေ့ဆန်သောလှုပ်ရှားမှုဖြစ်သည်။ ဧဝံဂေလိသည် အသင်းတော် နံရံအတွင်းဘက်တွင် မဖြစ်ပွားနိုင်ပါ။ နံရံအပြင်လူအများရှိသည့်နေရာတွင်သာ လုပ်ဆောင် ဖြစ်ပွားနိုင်ပါသည်။

(၈) အသင်းတော်များမှ အသင်းတော်များကိုမွေးထုတ်ခြင်း -

ပြန်လည်မွေးထုတ်ခြင်းသည် လူအများပိုမို၍တိုးပွားစေရန်အတွက် သဘာဝနှင့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အသင်းတော်တည် ထောင်ခြင်းလှုပ်ရှားမှုများသည် ပြန်လည် မွေးထုတ်ခြင်း၏မျိုးစိပ်ကို တဖြည်းဖြည်းစိမ့်ဝင်စီးဆင်းစေခြင်းအားဖြင့် အရှိန်အဟုန်ကို

ထိန်းသိမ်းပေးသည်။ အသင်းတော်တိုင်းသည် အသင်းတော်များ ပြန်လည် မွေးထုတ်လိုကြသည်မှာ သံသယဖြစ်စရာမရှိပေ။

(၉) လျှင်မြန်သောပြန်လည်မွေးထုတ်ခြင်း -

လူအများတို့ကို ခရစ်တော်ထံလျှင်မြန်စွာ ရောက်ရှိစေခြင်းဖြစ်သည်။ ခရစ်တော်၏ နောက်လိုက်များအနေဖြင့် ပျောက်ဆုံးဝိညာဉ်၏ ကယ်တင်ခြင်းအဖို့ အရေးပေါ်လုပ်ဆောင်မှုတစ်ခု စီးထွက်ရမည်။ ဤအရာသည်အသင်းတော်များ၏ လျှင်မြန်သောပြန်လည်မွေးထုတ်ခြင်းနှင့် ထက်သန်သောဧဝံဂေလိအား သိသာထင်ရှားစေလိမ့်မည်။

(၁၀) ကျန်းမာသောအသင်းတော်များ -

ကျန်းမာသောအသင်းတော်များသည် အဓိကကျသောရည်ရွယ်ချက် (၅)ချက် ရှိကြသည်။ ထို (၅) ချက်မှာ-

ဝတ်ပြုခြင်း၊ ဧဝံဂေလိလုပ်ဆောင်ခြင်း၊ ပညာရေးနှင့် တပည့်တော်ဖြစ်ခြင်း၊ သာသနာပြုခြင်း၊ မိတ်သဟာဖွဲ့ခြင်းတို့ ဖြစ်ကြသည်။ ဤအဓိကကျသော ရည်ရွယ်လုပ်ဆောင်ချက်များအားဖြင့် အသင်းတော်၏ကျန်းမာရေး၊ ရှင်သန်ရေးနှင့် ရင့်ကျက်မှုကို ဖြစ်ပေါ်စေပြီး အသင်းတော်၏ကောင်းမွန်သော ဗီဇနှင့်အနေအထားသို့ ဦးဆောင်ပေးသည်။

## ၁၂။ အသင်းတော်သည် ဈေးတည်နေရာထဲတွင် ကိုယ်စားပြုသည်

မြို့တွင်း အသင့်တော်ဆုံးသော သို့မဟုတ် စီးပွားရေးအချက်အချာ နေရာများ အသင်းအုပ်နှင့် အသင်းတော်ခေါင်းဆောင်များသည် ဈေးတည်ရာတွင် လူအများစေလွှတ်၍ နေရာချလုပ်ဆောင်စေရန် အခွင့်အာဏာရှိသူများဖြစ်သည်။ အသင်းတော်သည် တနင်္ဂနွေ

ဝတ်ပြုရုံသာမဟုတ်ပဲ နေ့ရက်စဉ်တိုင်းသက်ဝင်လှုပ်ရှား၍ ခရစ်တော်၏နောက်လိုက်များအားဖြင့် ကမ္ဘာပေါ်တွင် ကိုယ်စားပြုရာ ဖြစ်သင့်ပေသည်။

**(က) ဈေးတည်နေရာများတွင်အသင်းတော်၏အခွင့်အာဏာရှိခြင်းသည် အရေးကြီးသည်။**

ဈေးဆိုသည်မှာ-

- ဈေးသည်စီးပွားရေး၊ ပညာရေး၊ အစိုးရ၏တည်ရာဒေသ ဖြစ်သည်။ ထို့ထက်ပိုပြီးကြည့်လျှင် ဈေးသည် အသင်းတော်နံရံအပြင်ဘက် နေရာတိုင်းနီးပါးတွင်ရှိသော အရာ ဖြစ်သည်။
- ဈေးသည်အခွင့်အရေးနှင့် တန်ခိုးအာဏာတည်ရာဖြစ်ပြီး လူမှုအဖွဲ့အစည်းအား ပြောင်းလဲစေနိုင်သည့်နေရာဖြစ်သည်။

ဈေး၏အရေးကြီးမှု-

- ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်းအခန်းကြီး ၁ အရ ကမ္ဘာကြီးအားအုပ်စိုးရန် အခွင့်အာဏာကို အပ်နှံခံသူများဖြစ်သည်။ ဤအုပ်စိုးမှုအခွင့်အာဏာသည် ဘုရားသခင်၏ ဘုန်းတော်အဖို့ အရာရာကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ဖြစ်ပြီး ဈေးတည်ရှိရာနေရာများတွင် အထူးသဖြင့်ကျင့်သုံးပြီး အကျိုးသက်ရောက်မှု များစွာရှိသည်။ (ကမ္ဘာဦးကျမ်း ၁း၂၈-၃၀)
- ကျွန်ုပ်တို့သည် မဟာစေခိုင်းချက် အပ်နှင်းခံသူများဖြစ်သည်။ ကျွန်ုပ်တို့သည် လူမျိုးတကာတို့အား တပည့်တော်ဖြစ်စေရန် စေခိုင်းခံသူများဖြစ်သည်။ (မဿဲ ၂၈း၁၈-၂၀, မာကု ၁၆း၁၅)

- အလုပ်သည် ကိုးကွယ်ခြင်းဖြစ်သည်။ ဘုရားသခင်၏ ဘုန်းတော်အဖို့ တစ်စုံတစ်ယောက်သည် ဈေးထဲတွင် အလုပ်လုပ်သူ၏ အလုပ်သည် ဘုရားသခင်အား ကိုးကွယ်ပူဇော်ခြင်းဖြစ်သည်။

A.W.Tozer " လူတစ်ဦး ဘာလုပ်သည်ဆိုသည့်အရာမဟုတ်ပဲ ဘာကြောင့်လုပ်သည်ဆိုသည့်အရာမှ သူ၏အလုပ်အား လောကီရေးရာ သို့မဟုတ် ဘာသာရေးနှင့်ဆိုင်သော အရာဖြစ်စေသည်။"

- ထုံးတမ်းယဉ်ကျေးမှုဆိုင်ရာဩဇာလွှမ်းမိုးရာနယ်ပယ် (၈)ခု-

  အောက်ဖော်ပြပါ (၈)ရပ်တို့သည် အဖွဲ့အစည်းတိုင်းနှင့် ထုံးတမ်းယဉ်ကျေးမှုတိုင်းအတွက် အခြေခံကျသော လိုအပ်သည့်အရာများ ဖြစ်သည်။ အချက်တိုင်းသည် အဖွဲ့အစည်းအတွင်းရှိလူများ၏ သွင်ပြင်နှင့်စိတ်ကို ပုံဖော်ပေးသည်။ ကျွန်ုပ်တို့သည် ထုံးတမ်းယဉ်ကျေးမှုအပေါ် အကျိုးပြုနိုင်ရန် ခေါ်ခြင်းခံသူများဖြစ်ပြီး အဖွဲ့အစည်းအတွက် လိုအပ်သည့် ဤ(၈)ချက်သည်လည်း ယုံကြည်သူများကို အကျိုးသက်ရောက်စေသည်။ ထိုအကျိုးသက်ရောက်မှုသည် ဘာသာရေးနှင့်ပတ်သတ်မှုရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အခွင့်အာဏာရှိသူများအားဖြင့်သာ ဆုံးဖြတ်ချက်ချရသည်။ ကျွန်ုပ်တို့သည် ဘုရားတရားကိုင်းရှိုင်းသော ခေါင်းဆောင်များအား ဤဒေသများတွင် လွှမ်းမိုးနိုင်ရန် ပျိုးထောင်ရမည်။

- အစိုးရ
- မိသားစု
- ပညာရေး

- အသင်းတော်
- ဆက်သွယ်ပြန်ကြားရေး
- အနုပညာနှင့်ဖျော်ဖြေရေး
- စီးပွားရေး
- သိပ္ပံနှင့်နည်းပညာ

အထက်ပါ (၈)ချက်သောနယ်ပယ်ဒေသများအား စီးပွားရေးအင်ဂျင်နှင့် မောင်းနှင်လည်ပတ်ရမည်ဖြစ်သည်။ ဤအင်ဂျင်ကိုမောင်းနှင်ရန် ဘုရားတရားကိုင်းရှိုင်းသည့် ခေါင်းဆောင်များ မရှိမဖြစ်လိုအပ်သည်။ ဂလိုဘယ်လိုင်ဖေးရှင်း သည် ဘုရားသခင်၏ အကြံအစည်ဖြစ်ပြီး လူသားများ တစ်ညီတစ်ညွတ်တည်း ဆက်သွယ်မှုဆက်နွယ်မှုရှိစေရန် အသုံးပြုနေခြင်းဖြစ်သည်။ အကျိုးသက်ရောက်မှုပြုနိုင် ရန်ကြီးမားသည့် အခွင့်အရေးဖြစ်သည်။

**(ခ) အသင်းအုပ်များသည် လေ့ကျင့်တပ်ဆင်သူများဖြစ်ပြီး အသင်းတော်သည် တပ်ဆင်ရာဌာနဖြစ်သည်။**

(၁) အသင်းတော်သည်တပ်ဆင်ရာဌာန -
အသင်းအုပ်နှင့်ဆရာသမားများမှ ဘုရားသခင်၏လူများကို အမှုတော်အတွက် လေ့ကျင့်ပြင်ဆင်ပေးရာဌာနဖြစ်သည်။

(၂) ဈေးသည်သာသနာပြုရာဒေသဖြစ်သည်-
ဈေးတွင်ရှိသောစီးပွားရေးလုပ်ငန်းရှင် များအား အမှုတော်ဆောင်များဖြစ်ရန် လေ့ကျင့်ပေးခြင်းအားဖြင့် နိုင်ငံတော်ကို ကျယ်ပြန့်စေနိုင်သည်။ စီးပွားရေး

သမားများသည် မယုံကြည်သူများနှင့် အပတ်အစဉ်တိုင်း မျက်နှာချင်းဆိုင် တွေ့ဆုံရမှုသည် အသင်းအုပ်ထက်ပင် များပြားပေသည်။

(၃) စပါးရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည် နည်း၏။ (လုကာ ၁၀း၂)

(၄) အသင်းတော်၊ အဖွဲ့အစည်း၊ လုပ်ငန်းခွင်နှင့် ကမ္ဘာမြေအနံ့အတွင်း၌ ဘုရားသခင်၏ နိုင်ငံတော်ကျယ်ပြန့်စေနိုင်သူနှင့် မိမိ၏ခေါ်ခြင်းအရာကို သိမှတ်လျှက် ဆက်ကပ်နိုင်သူများအား ကျွန်ုပ်တို့၏အသင်းတော်တွင် ခေါင်းဆောင်အဖြစ် နေရာချတပ်ဆင်ခြင်းသည် ပန်းတိုင်ဖြစ်သည်။ တပ်ဆင်သူများဖြစ်လာရန် တပ်ဆင်ပေးရမည်။ တပည့်တော်များ မွေးထုတ်နိုင်ရန် တပည့်တော်ဖြစ်ရမည်။

(၅) ဒေသခံအသင်းတော်နှင့် ဆက်သွယ်မှုရှိခြင်းအားဖြင့် ယုံကြည်သူများအထဲတွင် အသင်းတော်နံရံအပြင်၌ ဘုရားသခင်၏နိုင်ငံတော်အတွက် အဖွဲ့အစည်းနှင့် ဆိုင်သော ပြောင်းလဲမှု ပြီးမြောက်အောင်မြင်ရန် ဝိညာဉ်ရေးရာ ကိရိယာတန်ဆာပလာများ ရရှိခြင်းရလဒ် ရှိသင့်ပေသည်။ သင်၏ တပည့်တော်ဖြစ်ခြင်းလုပ်ငန်းစဉ်အား ယုံကြည်သူများမှ သူတို့၏ ဩဇာလွှမ်းမိုးရာ နယ်ပယ်ဒေသတွင် အကျိုးဖြစ်စေခြင်းအတွက် နေရာချတပ်ဆင်ရန် အခွင့်အရေးအဖြစ် စဉ်းစားသုံးသပ်ရမည်။

- လူသားအားလုံးတွင်ဤသို့သော မေးခွန်းများရှိကြသည်။
    - မိသားစုအားမည်ကဲ့သို့ ထောက်ပံ့နိုင်မည်နည်း။
    - မိသားစုတွင်လုံခြုံအေးချမ်းစွာ မည်ကဲ့သို့နေထိုင်နိုင်သည်နည်း။
    - မိသားစုတွင် အဓိပ္ပါယ်ပြည့်ဝသော ပေါင်းသင်းဆက်ဆံမှု မည်ကဲ့သို့ ရရှိနိုင်မည်နည်း။
    - လုံခြုံမှု၊ တရားမျှတမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ထောက်ပံ့ရာတွင် ကျွန်ုပ်ရှင်သန်မှုစနစ်သည် မည်ကဲ့သို့ ဖြစ်နိုင်သနည်း။

အထက်ပါမေးခွန်းများကို အဖြေပေးကူညီနိုင်ရန် အမှုတော်နှင့် ဆက်နွယ်နေသော စီးပွားရေးခေါင်းဆောင်များကို ခန့်အပ်ထားနိုင်သည်။ ထို့ကြောင့် ရည်ရွယ်ချက်ရှိရှိနှင့် ဘုရားတရားကိုင်းရှိုင်းသော အကျိုးသက်ရောက်မှု အမှန်တကယ်ရှိသည့် စီးပွားရေးခေါင်းဆောင်များအား ပြုစုပျိုးထောင်ခြင်းသည် မဖြစ်မနေ လိုအပ်သည့်အရာဖြစ်သည်။

**(ဂ) စီးပွားရေးခေါင်းဆောင်များအား အသင်းတော်တွင် မည်သို့နေရာချထားရမည်နည်း။**

လူကိုမျှားသောတံငါသည်ဖြစ်ရန် သွန်သင်ပါ။ ငါးမျှားရာတွင်မှန်ကန်သည့် အစာတပ်ချိတ်ကိုအသုံးပြုရသည်။ ငါးသည် ပုံမှန်စာစားသည့်အလေ့အထကို ပြောင်းလေ့မရှိပါ။ ခရစ်ယာန်များသည် ကမ္ဘာပေါ်တွင်မည်ကဲ့သို့ အောင်မြင်စွာ အသက်ရှင်နေထိုင်နေသည်ကို ထင်ရှားဖော်ပြရမည်။ စီးပွားရေးဆိုင်ရာ အငန်းအတာသည် အားလုံးအတွက် ငါးမျှားချိတ်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဩဇာလွှမ်းမိုးရာနယ်ပယ်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆက်ခြင်လျှက် လက်တွေ့ကျင်းသုံးရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များသည် အသင်းတော်အားဖြင့် လေ့ကျင့်ခြင်းတပ်ဆင်ခြင်းခံပြီး ဈေးတည်ရာနေရာရှိ လူများကိုမျှားရာတွင် ပိုမိုအကျိုးသက်ရောက်မှုရှိနိုင်မည်ဖြစ်သည်။ လူအများ မေးခွန်းထုတ်သောအရာများကိုလည်း သမ္မာနည်းကျ အဖြေပေးနိုင်ရန် စီးပွားရေးခေါင်းဆောင်များကို လေ့ကျင့်ပေးရမည်ဖြစ်သည်။

ဈေးတွင်းသာသနာပြုပုံအား သင်ကြားပေးပါ။ နိုင်လုံစေပါ။ ( ငွေ၊ အကျင့်ပျက်ပြားမှု၊ မှန်ကန်သောမိတ် သဟာရနှင့် ခေါင်းဆောင်မှု)

- ပလ္လင်ပေါ်မှ
- အဖွဲ့အစည်းငယ်များအတွင်း
- လူမှုအဖွဲ့အစည်းအတွင်း စီးပွားရေးအရာ၌ ခွဲခန့်ထားခြင်းကို ထိန်းသိမ်းစောင့်ရှောက်စေပါ။ အားပေးပါ။
- သူတို့၏စီးပွားရေးအား သာသနာအနေဖြင့်မြင်လာရန် ကူညီပါ။
- သူတို့၏ စီးပွားရေးလည်ပတ်မှုတွင် သာသနာပြုအစီအစဉ်များ ထည့်သွင်းလုပ်ဆောင်လာရန် ခွန်အားပေးတိုက်တွန်းပါ။
- ကိုးကွယ်ခြင်းနည်းတူအလုပ်၏ မူဝါဒခံယူချက်ကို ပလ္လင်ပေါ်မှနေ၍ ဟောပြောပါ။
- စီးပွားရေးခေါင်းဆောင်များအပေါ်တွင် လက်တင်၍စေခိုင်းပါ။ အသင်းအုပ် သို့မဟုတ် သာသနာပြုခေါင်းဆောင်တစ်ဦးအနေနှင့် စိတ်ပါဝင်စားစွာ မိတ်သဟာရတည်ဆောက်ပါ။
- စီးပွားရေးခေါင်းဆောင်များအနည်းငယ်ရွေးချယ်ပြီး ပုံမှန်တွေ့ဆုံမှုရှိပါ။

- သူတို့၏လုပ်ငန်းခွင်ထဲသို့သွား၍ တစ်ဦးချင်းနှင့် တွေ့ဆုံမှုရှိပါ။ (ခရစ်တော်သည်လည်း တစ်ပည့်တော်တစ်ဦးချင်းစီထံသွား၍ နောက်တော်လိုက်စေခဲ့သည်။)
- ဈေး၏အရေးအရာများကို လေ့လာဆွေးနွေးပါ။
- ဈေးရှိခေါင်းဆောင်များအား သာသနာတိုးတက်လာရန် အမြင်၊ အတွေးအခေါ်နှင့် အစီအစဉ်များ လုပ်ဆောင်နိုင်ရန်ကူညီပါ။ ဈေးရှိခေါင်းဆောင်များထံမှ သင်ယူပါ။
- အသင်းတော်စီမံခန့်ခွဲမှုနှင့် ဆက်နွယ်သည့်သူတို့၏အချက်အလက်နှင့် အကြံဉာဏ်များကိုအခွင့်ပေးပါ။
- သာသနာ သို့မဟုတ် အသင်းတော်၏စီးပွားရေးကို ဖြောင့်မှန်စွာ ငွေကြေးနှင့် လူထုစီမံခန့်ခွဲမှုတို့တွင် ကောင်းစွာဦးဆောင်ကျင့်သုံးပါ။

- ရှောင်ရှားရမည့်အရာများနှင့် စိတ်နေ သဘောထားများ
  - စီးပွားရေးလုပ်ဆောင်သူများကို ငွေသိမ်းစက်အဖြစ် ဆက်ဆံခြင်း
  - မလွဲမရှောင်သာအနေနှင့် ဆက်ဆံခြင်း
  - ငွေကြေးအား ဘုရားမကြိုက်သည့်အရာအနေနှင့် ရှုမြင်ခြင်း
  - စီးပွားရေးသမားများကို ရှောင်ရှားခြင်း
  - အယောင်ဆောင်ခြင်း (သို့) ကြိုးကိုင်ချယ်လှယ်ခြင်း

**(ဃ) ထူးခြားအရေးပါသောရလဒ်များကို မျှော်လင့်နိုင်ပြီဖြစ်သည်။**

(၁) ဘုရားသခင်၏လူတို့သည် အသင်းတော်နံရံအပြင်ဘက် မိမိဩဇာလွှမ်းမိုးရာနယ်ပယ်အသီးသီးတွင် ဘုရားသခင်၏ နိုင်ငံတော်တည်ဖို့ရန် စတင်လုပ်ဆောင်လာကြလိမ့်မည်။

(၂) နိုင်ငံတော်နှင့်ဆိုင်သော စီးပွားရေးလုပ်ငန်းများ ကမ္ဘာ့အနှံ့အပြားတွင် တည်ထောင်လာကြလိမ့်မည်။

(၃) မြို့တော်သစ်များသည် ဘုရားသခင်ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်သူများ အားဖြင့် ဆင်းသက်ဖြစ်တည်လာလိမ့်မည်။

(၄) အသင်းတော်များအား လေ့ကျင့်တပ်ဆင်ရာဌာနများအဖြစ် တွေ့မြင်လာရ လိမ့်မည်။

(က) ယုံကြည်သူများ၏ ရင့်ကျက်ကြီးထွားမှု

( ခ) တပည့်တော်ဖြစ်လုပ်ရှားမှု

( ဂ) သူတို့၏မြို့နှင့် အဖွဲ့အစည်းအတွင်း ဆက်နွယ်သောအကျိုးဖြစ်ထွန်းမှု

(ဃ) မယုံကြည်သူများမှ အသင်းတော်အပေါ်စိတ်ဝင်စားလာမှု

( င) အရပ်လေးမျက်နှာရှိ အသင်းတော်နံရံများကို ကျော်၍နိုင်ငံတော်နှင့် ဆိုင်သော စီမံကိန်းများ ဖြန့်ကျက်မှု

( စ) လူဦးရေနှင့် သဏ္ဍာရေးကြီးထွားတိုးပွားမှု

(ဆ) အချိန်နှင့်အမျှ ဝိညာဉ်ရေးနယ်ပယ်၏အဆင့်သည် လူမျိုးထဲတွင် ကြီးထွားလာလိမ့်မည်

(ရိုးသားခြင်း၊ တရားမျှတခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းစားခြင်း)

(၅) အသင်းတော်တည်ထောင်သူများသည် ယုံကြည်သူများအား လောက၏ စစ်မှန်သည့်ဆားနှင့် အလင်းဖြစ်ရန်အတွက် လေ့ကျင့်တပ်ဆင်ပေးသူများအဖြစ် ခွဲခန့်ခြင်းခံသူများ ဖြစ်သည်။

- စီးပွားရေးနယ်ပယ်အကြောင်းကို အသင်းတော်ပလ္လင်ပေါ်မှ သွန်သင်ဟောပြောရန် ဆက်ကပ်ပါ။ (ငွေကြေး၊ လုပ်ငန်း)
- စီးပွားရေးနယ်ပယ်မှ ခေါင်းဆောင်များအဖွဲ့အား အသင်းတော်တွင်အစေခံရန် ဆက်ကပ်ပါ။
- သာသနာ သို့မဟုတ် အသင်းတော်၏စီးပွားရေးကို အသင်းတော်ရှိ စီးပွားရေးလုပ်ဆောင်သူများထံမှ အချက်အလက်များမေးမြန်း၍ ဖြောင့်မှန်စွာ ဦးဆောင်ကိုယ်တွယ်နိုင်ရန် ဆက်ကပ်ပါ။
- စီးပွားရေးဦးဆောင်သူများအား နိုင်ငံတော်အဖို့အလို့ငှါ မိမိဩဇာလွှမ်းမိုးရာနယ်ပယ်နှင့်သက်ဆိုင်သောအချက်များကို ကျင့်သုံးစေရန် ဆက်ကပ်ပါ။

× × × × × × × × × × × × × × × × × × ×